ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့၊ (1-6-2010) (၆၄၁၆)

ကျား-မ မရွေး ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ဝေဒနာခံစားရပြီး အချိန်မတိုင်မီ သေဆုံးရမည့်အခြေအနေကို ကာကွယ်နိုင်ရန် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်း အကောင်အထည်ဖော်

နေပြည်တော်　　မေ　　၃၁

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၀ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr.Leonard Ortega နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၁၀ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ပြခန်းအတွင်း ခင်းကျင်း ပြသထားမှုများကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အောင်မြင်ဖြစ်ထွန်းနေသော ဒို့ကျေးရွာ လက်ဖက်စိုက်ခင်း

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ဒီဒိုင်း(ပြန်/ဆက်)

မြန်မာနိုင်ငံ၏ ရေမြေသဘာဝအခြေအနေသည် သီးနှံစိုက်ပျိုးဖြစ်ထွန်းရန် ရေခံမြေခံကောင်းရှိသည်။ သီးနှံစိုက်ပျိုးရန် မြေနေရာအများအပြားကိုလည်း ပိုင်ဆိုင်ထားသည်။ ပြည်ထောင်စုတစ်ဝန်း၌ သဘာဝ၊ မြေ၊ ရာသီဥတုနှင့် လိုက်ဖက်သည့် သီးနှံများစီးပွားဖြစ် စိုက်ပျိုးနိုင်သည့်နိုင်ငံလည်းဖြစ်သည်။ အထူးသဖြင့် ချင်းပြည်နယ်သည် တောင်ထူထပ်ပြီး အခြားသောသီးနှံများထက် လက်ဖက်စိုက်ပျိုးရန် အလွန်သင့်လျော်သော မြေအမျိုးအစားနှင့် ရာသီဥတုကို သဘာဝကပေးထားပြီးဖြစ်သည်။ ထို့ကြောင့် **"ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရမည်"** ဟူသည့် လမ်းညွှန်ချက်နှင့်အညီ ဒေသခံပြည်သူများသည် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❑

ယနေ့ ပြည်တွင်း၊ ပြည်ပ သတင်းများအညွှန်း

အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးတွင် မြန်မာနိုင်ငံ လုပ်သားထု ကျွမ်းကျင်မှုအဆင့် မြှင့်တင်မှုဆွေးနွေး
စာမျက်နှာ - ၉





မြန်မာ - တရုတ် သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့်အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် ထုတ်ဝေ
စာမျက်နှာ - ၁၀

အုပ်စုတက်ရေးအကြိတ်အနယ်ယှဉ်ပြိုင်ရမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(E)
စာမျက်နှာ - ၁၁

၂၀၁၀ MNL ဘောလုံးပြိုင်ပွဲ Delta United က ဉသာယူနိုက်တက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူ
စာမျက်နှာ - ၁၁

မက္ကဆီကို ပင်လယ်ကွေ့၌ ရေနံယိုဖိတ်မှုအခြေအနေကို စက်ရုပ် ရေငုပ်သင်္ဘောငယ်ဖြင့် လေ့လာနေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကို ပင်လယ်ကွေ့၌ ရေနံယိုဖိတ်မှု စက်ရုပ်ရေငုပ်သင်္ဘောဖြင့် လေ့လာလျက်ရှိ

အင်တာနက်နည်းပညာသတင်း

ဘာသာပြန် - ရောမောင်	အဆင်အပြင် - ကိုမင်း

ဝါရှင်တန်　　မေ　　၃၁

မက္ကဆီကို ပင်လယ်ကွေ့ရှိ Deepwater Horizon အမည်ရှိ ကမ်းလွန်ရေနံတူးစင်၌ ဧပြီလနှောင်းပိုင်းက ပေါက်ကွဲမှုဖြစ်ပွားကာ ရေနံတူးစင်နစ်မြုပ်မှု ဖြစ်ပွားခဲ့ပြီးနောက် ရေနံယိုဖိတ်မှု အကြီးအကျယ် ဖြစ်ပွားလျက်ရှိ သည်။ သိပ္ပံပညာရှင်များသည် ယခုအခါ ပင်လယ်ရေမျက်နှာပြင် အောက်ဘက်တွင် ရေနံယိုဖိတ်မှု အခြေအနေကို အတိအကျသိရှိနိုင်ရန် စက်ရုပ်ရေငုပ်သင်္ဘော အသုံးပြုကာ လေ့လာလျက်ရှိကြကြောင်း သတင်းတွင်ဖော်ပြသည်။

မက္ကဆီကို ပင်လယ်ကွေ့၌ ဖြစ်ပွားလျက်ရှိသော ရေနံယိုဖိတ်မှုသည် အမေရိကန်နိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးဥပဒ်ကျရောက်မှုဖြစ်သည်။

မက္ကဆီကို ပင်လယ်ကွေ့ရှိ Deepwater Horizon ကမ်းလွန်ရေနံတူးစင်၌ ဧပြီ ၂၀ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ယင်းသို့ ပေါက်ကွဲမှုကြောင့် သုံးရက်ကြာမီးလောင်ကျွမ်းခဲ့ပြီးနောက် ဧပြီ ၂၂ ရက်တွင် ရေနံတူးစင်နစ်မြုပ်သွားခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

ကြေးမုံ The Mirror
၁-၆-၂၀၁၀
(အင်္ဂါနေ့)

ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းမှု အစဉ်ဂရုပြု

ဇွန်လဆန်းပြီ။ မိုးဖွဲ့ဖွဲ့ရွာသွန်းစပြုနေပြီ။ ဒေသအချို့တွင် မုတ်သုံမိုးများ ထစ်ချုန်းရွာသွန်းနေပြီ။ မိုးဖွဲ့များကြားတွင် ပညာသင်နှစ်၏အစ ကျောင်းဖွင့်ချိန်ရာသီ ရောက်ရှိလာပြီ။ ပညာသင်နှစ်၏ တစ်နှစ်တာခရီးကို မိဘ၊ ဆရာ၊ ကျောင်းသားပေါင်းစည်းအားဖြင့် အောင်မြင်မှုရရှိရေး အားသွန်ခွန်စိုက် ကြိုးပမ်းကြပေတော့မည်။

ယခုအခါ မြို့နယ်တိုင်း၌ ကျောင်းအပ်နှံရေး အခမ်းအနားများ ကျင်းပပြီး ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေး ဝိုင်းဝန်းကြိုးပမ်းနေကြပြီ။ ပညာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေး စေတနာရှင်များက အလှူငွေ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်းနေကြသည်။

ပညာသင်နှစ်အစ ကျောင်းဖွင့်ချိန်မှစ၍ ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်ကျန်းမာ ပညာသင်ကြားနိုင်ရေး ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ကြရပေမည်။ ကျောင်းဝင်းအတွင်း ရေကောင်း၊ ရေသန့်ရရှိသုံးစွဲရေး၊ ကျောင်းဈေးတန်းရှိ အစားအသောက်ဆိုင်များ သန့်ရှင်းစွာရောင်းချရေးတို့သည် အစဉ်တစိုက် ကြပ်မတ်စစ်ဆေးကြရမည့် လုပ်ငန်းများဖြစ်သည်။

ရာသီမရွေး ခြင်နှိမ်နင်းရေး လုပ်ဆောင်လျက်ရှိသည့်နည်းတူ မိုးရာသီကာလများတွင် ခြင်၊ ယင်များကြောင့် ကူးစက်ရောဂါများမဖြစ်ပွားရေး သတိပြုကာကွယ်သွားကြရပေမည်။ စိုထိုင်းသောရာသီတွင် ခြင်ပေါက်ပွားမှုများပြားသဖြင့် သွေးလွန်တုပ်ကွေးရောဂါ ပိုမိုဖြစ်ပွားနိုင်သည်။ စာသင်ခန်းများ၏ ပတ်ဝန်းကျင် အခြေပြု၍ ခြင်ဆေးဖျန်းခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ကန့်လန့်ကာများဆေးရည်စိမ်ပေးခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းခြင်းတို့ကို အခါမလပ် ပြုလုပ်ကြရပေမည်။

ထို့အပြင် ကျောင်းသား၊ ကျောင်းသူတိုင်း အစားအစာသန့်ရှင်းရေး၊ ရေကောင်းရေသန့်သုံးစွဲရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး(လက်သန့်)နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး (အိမ်သာသန့်)ဟူသည့် သန့်လေးသန့်နှင့် ပြည့်စုံနေစေရေး အသိပညာပေး၊ စီမံဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးနှင့် စာသင်ခန်းများ သန့်ရှင်းရေးသည် မဖြစ်မနေ ဖြည့်ဆည်းလုပ်ဆောင်ကြရမည့် လုပ်ငန်းများဖြစ်သည်။ ကျောင်းကျန်းမာရေးအဖွဲ့များ၊ မိဘပြည်သူများ၊ ပညာရေး စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ စာသင်ခန်းများ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ခြင်၊ ယင်နှိမ်နင်းရေး စဉ်ဆက်မပြတ် ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် ကျောင်းနှင့်ဝန်းကျင် ကျန်းမာသန့်ရှင်း ရောဂါကင်းစင်နေမည် ဖြစ်ပါသည်။ ။

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားနှင့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ပရိဘောဂလှူဒါန်းပွဲကျင်းပ

ဝါးခယ်မ မေ ၃၁

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၇ ရက် နံနက် ၉ နာရီက ဝါးခယ်မမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ပိုက်မိ အားကစားခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မာဖြူနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းညွန့်နှင့် လက်ထောက် ပညာရေးမှူးများ ဖြစ်ကြသော ဦးမင်းကြိုင်၊ ဦးအေးလွင်၊ ဦးလှဌေးနှင့် အထက၊ အလက၊ အမက ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ ကျောင်းအပ်နှံရေး အထိမ်းအမှတ်အဖြစ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ပညာရေးဌာန အလှူရှင်အသီးသီးတို့က ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ စသည့် စာရေးကိရိယာများ၊ ကျောင်းသုံးပရိဘောဂ ၅၉ သိန်းကျော်ဖိုး လှူဒါန်းကြရာ သက်ဆိုင်ရာ မူလတန်းကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။ **(အောက်ပုံ)** (၁၈၂)

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့် တက်ရောက်

နေပြည်တော် မေ ၃၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်သည် မေ ၁၇ ရက်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ပြည်ထောင်စုမိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ ရဲမေမိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အသင်းလိုက် လက်ဝှေ့ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် မေ ၁၉ ရက်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကဏ္ဍအလိုက် စီမံကိန်းတာဝန် ပေးအပ်လွှာများ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးသိန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ဝန်ကြီး ဦးသိန်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ဒေသဆိုင်ရာ တာဝန်ခံများက ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ သုံးသပ်တင်ပြသည်။

ယင်းနောက် ဝန်ကြီး ဦးသိန်းဆွေက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မေ ၃၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၁၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မင်္ဂလာဈေး မီးလောင်ကျွမ်းမှုကြီးအပြီး အက်ကြောင်းကြီးများကြောင့် ပြိုကျမည့်အန္တရာယ်ရှိနေဟုဆို၊ အဓိပတိနှင့် ပါရမီအထူးယာဉ်လိုင်းများတွင် e-Ticket စနစ်တပ်ဆင်ရန် ပြည်တွင်းအိုင်တီကုမ္ပဏီသုံးခုနှင့် ညှိနှိုင်းလျက်ရှိ၊ မင်္ဂလာဈေးရှိ မီးလောင်ခံရသောဆိုင်ခန်းများကို မင်္ဂလာဈေးသစ်နှင့် မင်္ဂလာမွန်ဈေးတို့တွင် ယာယီရွှေ့ပြောင်းဖွင့်လှစ်မည်၊ ရန်ကုန်ရှိ ဈေးကြီး ၂၀ ကို လျှပ်စစ်သုံးစွဲမှုပုံစံ စစ်ဆေးသွားမည်၊ ဂျပန်က ရန်ကုန်ဆိပ်ကမ်းတွင် ဆိပ်ခံဘောတံတားတစ်ခုကို တစ်နှစ်အတွင်း အပြီးတည်ဆောက်မည်၊ မြန်မာ-အိန္ဒိယနယ်စပ် ဈေးကြီးတစ်ခုတည်ဆောက်မည်၊ ဂျပန်နည်းပညာဖြင့် မျိုးစပ်ထားသော ထွက်နှုန်းကောင်းသည့် အုန်းပင်များလာရောက်စိုက်ပျိုးရန် ဂျပန်စိတ်ဝင်စား၊ သူတို့ပြောသည့် စာနယ်ဇင်းနှင့် အနုပညာရှင်များဆက်ဆံရေး၊ အွန်လိုင်းမှတစ်ဆင့် ပြည်တွင်းဟောပြောပွဲများ အခမဲ့ကြည့်ရှုနိုင်တော့မည်၊ သုဝဏ္ဏအားကစားကွင်းကို ကြိုးမဲ့အင်တာနက်ဇုန်အဖြစ် ပြုလုပ်မည်၊ သီရိမင်္ဂလာဈေးကို လှိုင်မြို့နယ်သို့ ပြောင်းရွှေ့မည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက တရားဝင်ပြောကြား၊ ကမ္ဘာ့ကုန်စည်ပြပွဲသို့ တက်ရောက်ရန် ရှန်ဟိုင်းမြို့သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ၊ မင်္ဂလာဈေး မီးသင့်ဆိုင်ခန်းပိုင်ရှင်များ လိုအပ်သောအရင်းအနှီးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ထုတ်ချေးမည်၊ နွားကောင်ရေ ၁၀၀၀၀ ကို မလေးရှားသို့ ယခုနှစ်အတွင်း ပထမဆုံး တင်ပို့ခွင့်ရ၊ အိုက်စလန်နိုင်ငံတွင် နောက်ထပ်မီးတောင်ကြီးတစ်ခု ပေါက်ကွဲရန်ရှိပြီး ဂွါတီမာလာနှင့် အီကွေဒေါနိုင်ငံတို့တွင် မီးတောင်ပေါက်ကွဲမှုများဖြစ်ပွား၊ စင်ကာပူ၌ ဟိုတယ်သုံးလုံးဆက် မိုးပျံဥယျာဉ်ကြီးဖွင့်တော့မည်၊ ဂြိုဟ်ကို ကြယ်ကဝါးမျို၊ တောင်နှင့်မြောက်ကိုရီးယားတို့၏ ပဋိပက္ခနောက်ဆုံးသတင်းများ၊ ခေါင်းမိုးပေါ်တွင် ပြိုင်ကားပြေးလမ်းများပါဝင်သည့် ကမ္ဘာ့အကြီးဆုံးကားအရောင်းပြခန်း၊ ဖားများ သန်းနှင့်ချီလျက်ထွက်လာ၍ ဂရိနိုင်ငံလမ်းမကြီးများ ပိတ်ဆို့သွား၊ မိုးပျံပူဖောင်းဖြင့် အင်္ဂလိပ်ရေလက်ကြားကို အောင်မြင်စွာဖြတ်ကူးနိုင်ခဲ့၊ အီဖယ်လ်မျှော်စင်ပေါ်မှ စကိတ်စီးပြီး ခုန်ချပြ၊ အယ်လ်ကေးဒါးအဖွဲ့က ဗြိတိန်နှင့် အမေရိကန်ကိုတိုက်ခိုက်ရန် တစ်ကမ္ဘာလုံးမှ အလှူငွေတောင်းခံ၊ ဘဏ်ကိုဓားပြဝင်တိုက်သူများက ဘဏ်တစ်ခုလုံးကိုဖောက်ခွဲပစ်လိုက်မိသောကြောင့် ငွေတစ်ပြားမှမရ" စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ကုန်၊ သွင်းကုန် လုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ်(၃၅) ဖွင့်မည်

ရန်ကုန် မေ ၃၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းရုံး)တွင် ပို့ကုန်၊သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ်(၃၅)ကို ဇွန် ၁၄ ရက်မှ ဇူလိုင် ၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ အဆိုပါရုံး ဒုတိယထပ် သင်တန်းခန်းမ၌ သွားရောက်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်/လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ပုံနှိပ်ဖြန့်ဝေမှုအရည်အသွေး ပိုမိုကောင်းမွန်စွာနှင့် အချိန်မီပြီးစီးရန် နှစ်စဉ် အလေးထားကြိုးပမ်းဆောင်ရွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖောင်ဒေးရှင်း ပြည်သူအတွင်း ပျံ့နှံ့သိရှိစေပြီး လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)၏ သတင်းစာ ပုံနှိပ်စက်ရုံအတွင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် မေ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် မေ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)အစည်းအဝေးခန်းမ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး)တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတင်းစာပုံနှိပ်စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ဝန်ကြီးက နေ့စဉ်ထုတ်သတင်းစာများ ပုံနှိပ်အရည်အသွေး ကောင်းမွန်ရေး၊ သတင်းစာဖြန့်ဝေပို့ဆောင်မှု စနစ်နှင့် ပတ်သက်၍ ပတ်ဝန်းကျင်မြို့များသို့ နေ့ချင်းအရောက် ပုံမှန်ဖြန့်ချိရေး၊ အလှမ်းဝေးသည့်မြို့များသို့ နေ့ချင်းပေါက်အချိန်မီ ပို့ဆောင်နိုင်ရေးအတွက် အခြားကိုယ်ပွား သတင်းစာတိုက်များနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ စက်ပစ္စည်းကြံ့ခိုင်ရေး၊ မီးဘေးအန္တရာယ်ကြိုတင် စစ်ဆေးကာကွယ်ရေးနှင့် ဝန်ထမ်းများသက်သာချောင်ချိရေး ဂရုပြုဆောင်ရွက်ရေးတို့ကို လည်းကောင်း၊ ရုပ်ရှင်ရုံများ ပြသမှုစနစ် အရည်အသွေးကောင်းမွန်အောင် အဆင့်မြှင့်တင်မှုကို မပြတ်စစ်ဆေးကြပ်မတ်ရေး၊ မီးဘေးအန္တရာယ်နှင့် လုံခြုံရေးဂရုပြုဆောင်ရွက်ရေး၊ ဗီဒီယိုပြသမှုလုပ်ငန်းများ စနစ်တကျစိစစ်ခွင့်ပြုရေးနှင့် တရားမဝင်ခိုးကူးခွေများ ပပျောက်ရေးအတွက် ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ရေးတို့ကို လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများရှိ တာဝါတိုင်များ၏ ကြံ့ခိုင်မှု၊ မိုးကြိုးလွှဲတပ်ဆင်ထားမှုတို့ကို အစဉ်စစ်ဆေး ထိန်းသိမ်းရေး၊ ရုပ်သံထုတ်လွှင့်မှု ပြတ်တောက်မှုမရှိအောင် ဂရုပြုစီမံဆောင်ရွက်ရေးတို့ကို လည်းကောင်း ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) သို့ ရောက်ရှိပြီး မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ရှေးဦးစွာ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြကြပြီး ဝန်ကြီးက ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ဖြန့်ဝေမှုကို အရည်အသွေး ပိုမိုကောင်းမွန်စွာနှင့် အချိန်မီ ပြီးစီးရန်အတွက် နှစ်စဉ် အလေးထား ကြိုးပမ်းဆောင်ရွက်ရေး၊ ပုံနှိပ်စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရေးတို့ကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများအနေဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအားလုံး စံ (၅)ချက်နှင့် ကိုက်ညီသည့် အခိုင်အမာ စာကြည့်တိုက်များ ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း ပိုမိုပျံ့နှံ့သိရှိစေပြီး ဖောင်ဒေးရှင်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်မှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် အသိပေးစည်းရုံးဆောင်ရွက်ရေးတို့ကိုလည်းကောင်း ဆွေးနွေးမှာကြားပြီး ပုံနှိပ်စက်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အဖျောက်မြို့၌ ကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့၌ ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မေ ၂၉ ရက်က ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူအင်အား စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်သစ်တောဦးစီး အရာရှိ ဦးသန်းဝင်းနှင့် ဌာနဆိုင်ရာ

တာဝန်ရှိသူများက ပျိုးပင်များကို ဖြန့်ဝေပေးပြီး **(အပေါ်ပုံ)** ကျွန်း၊ယူကလစ်၊ ပျဉ်းမနှင့် မဲဇလီအပင် စုစုပေါင်း ၁၄၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

(၅၂၆)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ အကပြိုင်ပွဲ
၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ စံချိန်မီလို့ လူကြိုက်များ စတီးပစ္စည်းမှာတိုက်ဂါး
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀ ၁။ Myanmar National League MNL(2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (ရတနာပုံ F.C နှင့် ဇွဲကပင် ယူနိုက်တက် F.C)
၅း၀၀ ၂။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၁၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၃၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၅း၄၀ ၅။ ရင်ခုန်စောင့်စားကမ္ဘာ့ဖလား [အုပ်စု (A)]
၅း၅၀ ၆။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၀ ၁၀။ ဆိုလိုက်ကြစို့
၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တို့အတူရှိစဉ်တုန်းက" (အပိုင်း-၂၆)**
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနုနု" (အပိုင်း-၂၀)**
၁၆။ **"ရုပ်ရှင်ပဟေဠိ"**
၁၇။ အစီအစဉ်ပြီး၏။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ် အရှေ့ပိုင်း တာနာခရော့စ်ဒေသတွင် တောမီးလောင်ကျွမ်းနေသည်ကို မေ ၂၉ ရက်က တွေ့ရစဉ်။ *(ယင်းတောမီးကြောင့် သစ်တောဧက ၂၀၀၀ ကျော်မျှ ဆုံးရှုံးခဲ့ရသည်။)*

(ဓာတ်ပုံ-အင်တာနက်)

စူပါကွန်ပျူတာ အသုံးပြုမှုနယ်ပယ် ဒုတိယနေရာတွင် တရုတ် ရပ်တည်

နယူးယောက် 　 မေ 　 ၃၁

စူပါကွန်ပျူတာကြီးများ အသုံးပြုသည့် နိုင်ငံများစာရင်းတွင် ထိပ်တန်းက ရပ်တည်နိုင်ရေးအတွက် တရုတ်နိုင်ငံက ကြိုးပမ်းနေပြီဖြစ်ကြောင်း တနင်္လာနေ့ သတင်းများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ နက်ဗျူလာဟု အမည်ပေးထားသည့် စူပါကွန်ပျူတာကြီးသည် တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ပြန်လေ့ရှိသည့် ကမ္ဘာ့ထိပ်တန်း စူပါကွန်ပျူတာ ၅၀၀ စာရင်းတွင် ဒုတိယနေရာ၌ ရပ်တည်နေကြောင်း သိရသည်။ ယင်းသို့ ရပ်တည်နိုင်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်ဟု ဆိုသည်။

ကမ္ဘာ့ထိပ်တန်းစူပါကွန်ပျူတာစာရင်းတွင် အမေရိကန်ပြည်ထောင်စုမှ စူပါကွန်ပျူတာအတော်များများပါဝင်လျက်ရှိပြီး တင်နက်ဆီပြည်နယ် အုတ်ခ်ရစ်ချ် အမျိုးသား ဓာတ်ခွဲခန်းက ပိုင်ဆိုင်သော စူပါကွန်ပျူတာက ပထမနေရာတွင် ရပ်တည်နေသည်။ ယင်း ကွန်ပျူတာသည် တစ်စက္ကန့်လျှင် တွက်ချက်မှုပေါင်း ၁၀၀၀ ထရီလီယံ (၁၀၀၀၀၀၀၀၀၀၀၀၀) အထိ လုပ်ဆောင်နိုင်စွမ်းရှိသည်။

စူပါကွန်ပျူတာကြီးများကို နက္ခတ္တရူပဗေဒ၊ ဇလဗေဒနှင့် ချူကလီးယားစွမ်းအင် သုတေသနနယ်ပယ်များတွင် အသုံးပြုသည်။

အမ်အင်အေ၊ရိုက်တာ။

သဲကန္တာရအောက် နစ်မြုပ်နေသော ရှေးဟောင်း ဂူသင်္ချိုင်း ကိုင်ရိုတောင်ပိုင်း၌ ရှာဖွေတွေ့ရှိ

ကိုင်ရို 　 မေ 　 ၃၁

နှစ်ပေါင်း ၃၃၀၀ သက်တမ်းရှိ ရှေးဟောင်း အီဂျစ်မင်းစိုးရာဇာတစ်ဦး၏ ဂူသင်္ချိုင်းကို ရှေးဟောင်းသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိကြောင်း တနင်္ဂနွေနေ့ သတင်း များတွင် ဖော်ပြသည်။ ယင်း ဂူသင်္ချိုင်းမှ နံရံအလှဆင် အနုပညာလက်ရာများကို ၁၉ရာစုခေတ် သိုက်တူးသမားများက ယူဆောင်သွားချိန်မှစ၍ သဲကန္တာရအောက်တွင် လူမသိ သူမသိ နစ်မြုပ်ခဲ့ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက မေ ၃၀ ရက်တွင် ကြေညာခဲ့သည်။

သဲကန္တာရအောက် နစ်မြုပ်ခဲ့ပြီးနောက် ထိုဂူသင်္ချိုင်းနှင့် ပတ်သက်၍ မည်သူမျှ မသိရှိခဲ့ကြကြောင်း ကိုင်ရိုတက္ကသိုလ်ရှေးဟောင်းသုတေသန ပါမောက္ခအိုလာအယ်အေရိုင်ဇီက ပြောကြားခဲ့သည်။

နယ်သာလန်၊ အမေရိကန်နှင့် အီတလီနိုင်ငံရှိ ပြတိုက်များမှ အနုပညာလက်ရာအချို့နှင့် ကိုင်ရိုမြို့ရှိ အီဂျစ်ပြတိုက်တွင်ရှိသော အနုပညာလက်ရာများက ပျောက်ဆုံးသွားသော ဂူသင်္ချိုင်းနှင့် ပတ်သက်သည့် သဲလွန်စကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။

၂၀၀၅ ခုနှစ်မှစ၍ ကိုင်ရိုတက္ကသိုလ် ရှေးဟောင်းသုတေသနဌာနမှ အဖွဲ့တစ်ဖွဲ့က ယင်းဒေသ၌ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်ရှာဖွေမှုများ ပြုလုပ်ခဲ့ရာ ယင်း ဂူသင်္ချိုင်းကို ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။ ***အင်တာနက်။***

အီဂျစ် ရှေးဟောင်းသုတေသနပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သော နှစ် ၃၀၀၀ ကျော် သက်တမ်းရှိ အီဂျစ်မင်းစိုးရာဇာတစ်ဦး၏ ဂူသင်္ချိုင်းကို မေ ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စစ်ရေးဖြန့်ကြက်မှုနှင့် ပတ်သက်၍ ဂျာမနီသမ္မတ နုတ်ထွက်

ဘာလင် 　 မေ 　 ၃၁

ဂျာမနီနိုင်ငံ၏ စီးပွားရေးအကျိုးသက်သက်ဌာ ပြည်ပနိုင်ငံများတွင် စစ်ရေးဖြန့်ကြက်မှုများ လုပ်ဆောင်ခဲ့မှုနှင့် ပတ်သက်မှုများရှိနေကြောင်း ဝေဖန်ခံခဲ့ရပြီးနောက် ဂျာမနီသမ္မတဟို့စ်ခိုလာသည် တနင်္လာနေ့က ရာထူးမှ ရုတ်တရက် နုတ်ထွက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယခင်နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ ဥက္ကဋ္ဌဟောင်းဖြစ်သည့် ဟို့စ်ခိုလာသည် ၂၀၀၄ခုနှစ်မှစ၍ ဂျာမနီနိုင်ငံ၏ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သမ္မတရာထူး ဒုတိယသက်တမ်းကို စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး တစ်နှစ်အကြာတွင် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ပါလီမန်အထက်လွှတ်တော် ဥက္ကဋ္ဌ ဘရီမင်မေယာဂျန်ဘိုးရ်ဆင်က ဂျာမနီနိုင်ငံ၏ သမ္မတ တာဝန်များကို ယာယီထမ်းဆောင်မည်ဖြစ်ပြီး သမ္မတသစ်ရွေးချယ်မှုကို ရက်ပေါင်း ၃၀အတွင်း ပြုလုပ်မည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်စစ်ပွဲ ၂၀၁၁ ခုနှစ် ကျော်မည်

ကဘူး မေ ၃၁

အာဖဂန်နစ္စတန်နိုင်ငံ အတွင်းရှိ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များ၏ တပ်မှူးက အာဖဂန်စစ်ပွဲသည် သမ္မတဘာရက်အိုဘားမား သတ်မှတ်ထားသော နောက်ဆုံးအချိန်ထက် ပိုမိုကြာရှည်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထုတ်ဖော်ပြောကြား

ဗိုလ်ချုပ်ကြီး စတန်လေ မက်ခရစ္စတယ်လ်က တနင်္ဂနွေနေ့က ကဘူးမြို့တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ အဆိုပါ သဘောထားအမြင်ကို ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

သမ္မတအိုဘားမားသည် အမေရိကန်တပ်ဖွဲ့များကို ၂၀၁၁ခုနှစ်တွင် စတင်ရုပ်သိမ်းရန် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် လိုအပ်မည်ဟု ထင်မြင်ကြောင်း ဗိုလ်ချုပ်ကြီးက ပြောကြားသည်။

စစ်ဒဏ်ခံ အာဖဂန်နစ္စတန်နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုမှာ နှေးကွေးမည်ဟု ၎င်းက အလေးအနက်ပြောသည်။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ပါလက်စတိုင်းလိုလားသူများအကြား ပဋိပက္ခဖြစ်ပွား လူ ၁၀ဦးသေဆုံး၍ ဒဏ်ရာရရှိသူများပြား

ဂျေရုစလင် 　 မေ 　 ၃၁

ပိတ်ဆို့ခံထားရသော ဂါဇာကမ်းမြောင်ဒေသသို့ ပေးပို့မည့် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော သင်္ဘောအုပ်စုကို အစ္စရေးရေတပ် ကွန်မန်ဒိုတပ်ဖွဲ့ဝင်များက မေ ၃၁ရက်က ကြားဖြတ်တားဆီးရန် ကြိုးစားခဲ့ရာ ပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း သိရသည်။

သင်္ဘောအုပ်စုပေါ်တွင် လိုက်ပါလာသော ပါလက်စတိုင်းအရေး လှုပ်ရှားသူများနှင့် အစ္စရေးကွန်မန်ဒိုများအကြား ပဋိပက္ခဖြစ်ပွားမှုကြောင့် ပါလက်စတိုင်းလိုလားသူ ၁၀ဦး သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အစ္စရေးစစ်ဘက်၏ ထုတ်ပြန်ချက်အရ သင်္ဘောအုပ်စုပေါ်သို့ တက်ရောက်ခဲ့သော အစ္စရေးတပ်ဖွဲ့ဝင်များကို ပါလက်စတိုင်းလိုလားသူများက ဓားများ၊ တုတ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်းသိရသည်။

သင်္ဘောအုပ်စုတွင် လိုက်ပါလာသူ တစ်ဦးက အစ္စရေးတပ်ဖွဲ့ဝင် တစ်ဦး၏ လက်နက်ကို လုယူရာမှ အစပြု၍ သွေးထွက်သံယို ပဋိပက္ခစတင် ပေါ်ပေါက်ခဲ့ကြောင်း အစ္စရေး စစ်ဘက်က ပြောကြားသည်။

ပဋိပက္ခကြောင့် နှစ်ဖက်စလုံးတွင် ထိခိုက်ဒဏ်ရာရရှိသူ ဒါဇင်နှင့် ချီ၍ရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

အိန္ဒိယတွင် ကားမှောက် လူ ၃၀ကျော် သေဆုံး

နယူးဒေလီ မေ ၃၁

အိန္ဒိယနိုင်ငံ တောင်ပိုင်းတွင် ဘတ်(စ်)ကား တစ်စီးသည် တနင်္ဂနွေနေ့ စောစောပိုင်း၌ ရဲတပ်ဖွဲ့၏ အရံအတားကို ဝင်တိုက်မိပြီး တိမ်းမှောက်မီးလောင်သဖြင့် ကလေး ၁၀ဦး အပါအဝင် လူ ၃၀ ကျော် သေဆုံးကြောင်း သတင်းများတွင် ဖော်ပြသည်။

တိမ်းမှောက်ပြီးနောက် ခရီးသည်များ ကားအတွင်း၌ ပိတ်မိနေစဉ် ကားဆီတိုင်ကီကို မီးလောင်ခဲ့သည်။ အနည်းဆုံး ၂၈ဦး ဒဏ်ရာရရှိ၍ အချို့မှာ စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း ပီတီအိုင် သတင်းဌာနက ဖော်ပြသည်။

ဘတ်(စ်)ကားသည် ကာနာတာကာပြည်နယ် မြို့တော်ဘင်ဂလောမြို့သို့ ဦးတည်သွားနေစဉ် ချစ်ထရာဒါဂါမြို့အနီး၌ တိမ်းမှောက်မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ သေဆုံးသူများတွင် ကားမောင်းသူလည်း ပါဝင်သည်။ ရဲတပ်ဖွဲ့က ကားများကို စစ်ဆေးရန်အတွက် လမ်းကို ကန့်လန့်ဖြတ်၍ အတားအဆီးများ မကြာခဏ ချထားလေ့ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အာဂါတာမုန်တိုင်းကြောင့် လက်တင်အမေရိကတွင် လူ ၉၀ ကျော်သေဆုံး

ဂွါတီမာလာစီးတီး 　 မေ 　 ၃၁

တောင်အမေရိကတိုက် အလယ်ပိုင်း နိုင်ငံများ၌ အာဂါတာ အပူပိုင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မြေပြိုမှုနှင့် ရေကြီးမှုများ ဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေ ၉၉ ဦးရှိခဲ့ပြီးဖြစ်ကြောင်း တနင်္ဂနွေနေ့ သတင်းများတွင် ဖော်ပြသည်။

အာဂါတာအပူပိုင်းမုန်တိုင်းကြောင့် မက္ကဆီကိုနိုင်ငံ တောင်ပိုင်းမှ နီကာရာဂွါနိုင်ငံများအထိ မိုးရွာသွန်းမှုများ ဖြစ်ပွားခဲ့သည်။ မေ ၃၁ရက်တွင် မိုးရွာသွန်းမှုလျော့နည်းသွားသော်လည်း မြစ်ရေတိုးမှုများနှင့် မြေပြိုမှုများ ဆက်လက်ဖြစ်ပွားနေကြောင်း သိရသည်။

ဂွါတီမာလာနိုင်ငံ တစ်ဝန်းဖြစ်ပွားခဲ့သော မြေပြိုမှုများကြောင့် လူ ၈၂ ဦး သေဆုံးခဲ့ပြီး ၅၃ဦး ပျောက်ဆုံးဆဲဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ ဂွါတီမာလာနိုင်ငံသား ၁၁၂၀၀၀ တို့ကိုလည်း လုံခြုံမှုရှိသော နေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တနင်္ဂနွေနေ့ သတင်းများအရ သိရသည်။

ဟွန်ဒူးရပ်စ်နိုင်ငံတွင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူရှစ်ဦးသေဆုံးခဲ့ရပြီး လူနေအိမ် ၅၀၅လုံး ပျက်စီးခဲ့ရသည်။ အာဏာပိုင်များ၏ အဆိုအရ လူပေါင်း ၉၂၂၅၀ဦးကို လုံခြုံသော နေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ အလားတူ အယ်လ်ဆာဗေဒိုနိုင်ငံ တစ်ဝန်း၌လည်း အာဂါတာမုန်တိုင်း၏ နောက်ဆက်တွဲ မြေပြိုမှုပေါင်း ၁၄၀ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဂွါတီမာလာ၊ အယ်လ်ဆာဗေဒိုနှင့် ဟွန်ဒူးရပ်စ်နိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ကို ပြန်လည်တုံ့ပြန်ရန် အရေးပေါ် အခြေအနေကြေညာထားသည်။ ***အင်တာနက်။***

ဂွါတီမာလာနိုင်ငံ၌ အာဂါတာမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မြစ်များရေလျှံနေသည်ကို မေ ၃၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ဂျီးရီးယား၌ ကလိုရင်းဓာတ်ငွေ့ ရှူရှိုက်မိ၍ လူ ၃၀၀ ကျော်ထက်မနည်း ဆေးရုံ ရောက်ရှိ

လေဂို့စ် 　 မေ 　 ၃၁

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း ကာဒူနာပြည်နယ်၌ စနေနေ့က ကလိုရင်း ဓာတ်ငွေ့များ ရှူရှိုက်မိသောကြောင့် လူ ၃၀၀ ထက်မနည်း ဆေးရုံတင်ထားရသည်ဟု ဒေသဆိုင်ရာ သတင်းဌာနက မေ ၃၁ ရက်တွင် ဖော်ပြခဲ့သည်။

ဓာတ်ငွေ့အိုးကြီးတစ်လုံးအား ဂဟေဆက်သမားတစ်ဦးကဖွင့်ရန် ကြိုးပမ်းနေစဉ် ကလိုရင်းဓာတ်ငွေ့များ ထွက်ပေါ်လာခြင်းဖြစ်သည်ဟု ဒေသခံများ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြခဲ့သည်။

ခံစားရ

အခင်းဖြစ်ပွားရာနေရာရှိ လူများ မေ ၂၉ ရက် ညနေ ၃နာရီခန့်တွင် ရုတ်တရက် လဲကျသွားပြီး သတိမေ့မြောသွားကြကြောင်း အဆိပ်ဓာတ်ငွေ့ကို ရှူရှိုက်မိသူ အတော်များများသည် အသက်ရှူကျပ်သည့် ဝေဒနာကို ခံစားခဲ့ရကြောင်း သိရသည်။ သို့ရာတွင် ယင်းဖြစ်ရပ်ကြောင့် သေဆုံးသူ ရှိ၊ မရှိကို တရားဝင် သတင်းထုတ်ပြန်ခြင်းမရှိသေးပေ။

ပြည့်ကျပ်

ဒေသန္တရဆေးရုံများတွင် ကလိုရင်းဓာတ်ငွေ့ရှူရှိုက်မိသော ကလေးများ၊ အမျိုးသမီးများဖြင့် ပြည့်ကျပ်နေသည်ဟု ကာဒူနာပြည်နယ် ကြက်ခြေနီအဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဒေသစံတော်ချိန် ည ၆နာရီခွဲအထိ ဂဟေဆိုင်ထဲမှ မီးခိုးငွေ့များ ထွက်နေဆဲဖြစ်ပြီး ဓာတ်ငွေ့အိုးကို ကြက်ခြေနီအဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့တို့က ဘေးလွတ်ရာသို့ ရွှေ့ခဲ့ကြသည်ဟု ၎င်းက ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဒေါ်လွင်ကျေးရွာ အဝင်လမ်းထိပ်တွင် လက်ဖက်စိုက်ပျိုးရေးအတွက် လှုံ့ဆော်ရေး မြေစိုက်ပိုစတာကို တွေ့ရစဉ်။

❑ ရှေ့ဖုံးမှ

ဒေသအဝန်း လက်ဖက်ကို အားသွန်ခွန်စိုက် စိုက်ပျိုးလာခဲ့ကြရာ ၂၀၀၉ ခုနှစ်အထိ တောင်သူများနှင့် ဌာနဆိုင်ရာတို့ ပူးပေါင်း၍ လက်ဖက်ဧကပေါင်း ၂၀၁၉၆ ဧကကို စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

စာရေးသူသည် စစ်ကိုင်းတိုင်း ကလေးမြို့နယ် အနောက်မြောက်ပိုင်းနှင့် နယ်မြေချင်းဆက်စပ်လျက်ရှိသော ချင်းပြည်နယ် တီးတိန်မြို့နယ် ဒေါ်လွင်ကျေးရွာအုပ်စု၏ အောင်မြင်ဖြစ်ထွန်းနေသော လက်ဖက်စိုက်ပျိုးမှု အခြေအနေကို လေ့လာခွင့်ရရှိခဲ့သည်။

ဒေါ်လွင်ကျေးရွာမှ ပြည်သူများသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်မှစ၍ လက်ဖက်ကိုအိမ်သုံးအဖြစ် တစ်နိုင်တစ်ပိုင်စိုက်ပျိုးလာခဲ့ရာမှ ၁၉၉၈ ခုနှစ်မှစ၍ လက်ဖက်စိုက်ပျိုးမှုကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာခဲ့သည်။ ယခုအခါ ဒေါ်လွင်ကျေးရွာသာမက ယင်းအုပ်စုရှိ ဆွောင်းဒေါ်ရွာ၊ တွီးဗျဲလ်ရွာ၊ မွာလ်ဇန်ရွာနှင့် ထန်ဆန်ရွာတို့ပါ အားကြိုးမာန်တက် စိုက်ပျိုးလာမှုကြောင့် လက်ဖက်ဧကပေါင်း ၁၁၁၄ ဧကအထိ တိုးချဲ့စိုက်ပျိုးခဲ့သည်။ ယင်းအနက် ဧက ၅၀၀ ခန့်သည် အရွက်ခူး၍ ရနေပြီဖြစ်၍ တစ်နှစ်လျှင် လက်ဖက်ခြောက်ပိဿာချိန် ၁၀၀၀၀ ကျော်ကို ထုတ်လုပ် ရောင်းချနေပြီဖြစ်သည်။ လက်ဖက်စိုက်ပျိုးမှုနှင့်ပတ်သက်၍ လက်ဖက်လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးကျင့်ဇပုမ်ကို မေးမြန်းကြည့်ရာ "ကျွန်တော်တို့အုပ်စုရှိ လက်ဖက်စိုက်ပျိုးသည့် ကျေးရွာငါးရွာမှာ အိမ်ခြေပေါင်း ၂၅၈ အိမ်ရှိပါတယ်။ စိုက်တဲ့လက်ဖက်အမျိုးအစားကတော့ အာသံနဲ့ တရုတ်လက်ဖက်အမျိုးအစားဖြစ်ပြီး အမျိုးအစားကောင်းတဲ့ အရွက်ထူ လက်ဖက်မျိုးဖြစ်ပါတယ်။ လက်ဖက်စိုက်ပျိုးတဲ့လုပ်ငန်းဟာ ဈေးကွက်ဝင်တဲ့လုပ်ငန်းမျိုးဖြစ်တော့ ပြည်သူများ စိတ်ဝင်စားမှုရှိတယ်။ လုပ်ရတာလည်း အဆင်ပြေပါတယ်။ လက်ဖက်ခြောက်တစ်ပိဿာကို ကျပ် ၃၅၀၀နဲ့ ရောင်းရတယ်။ လက်ဖက် တစ်ဧကရှိရင် တစ်နှစ်ဝင်ငွေ အနည်းဆုံးတစ်သိန်းခန့် ရှိပါတယ်။ ဈေးကွက်အခြေအနေကတော့ ယခင်က ကလေးမြို့နယ်တစ်ခုတည်းသာ ဖြန့်ဝေရောင်းချခဲ့ရာမှ ယခုဆိုရင် ဂန့်ဂေါနယ်အထိပါ တိုးချဲ့ဖြန့်ဝေရောင်းချနိုင်ခဲ့ပါတယ်" ဟု စိတ်ဝင်တစား ပြောပြသွားပါတယ်။

လက်ဖက်စိုက်ပျိုးခြင်းသည် ကျေးရွာများ စီးပွားဖြစ်ဝင်ငွေတိုး၍ ရရှိနိုင်သော လုပ်ငန်းဖြစ်ကြောင်း ဒေသခံ ပြည်သူများ ပိုမိုသိရှိနားလည်လာသဖြင့် ယခုအခါ ဒေါ်လွင်ကျေးရွာအုပ်စုရှိ ကျေးရွာငါးရွာမှတိုင်းရင်းသား ပြည်သူများသည် လက်ဖက်ဧက ၁၀၀ ကို နှစ်စဉ်တိုးချဲ့ စိုက်ပျိုးသွားရန် စီမံဆောင်ရွက်ထားရှိကြောင်းလည်း သိရှိရသည်။

ထို့ပြင် ဒေါ်လွင်ကျေးရွာအုပ်စုနှင့် အနီး ပတ်ဝန်းကျင်ကျေးရွာများသည် ကလေးမြို့နယ် အနောက်မြောက်ပိုင်းဒေသရှိ ကျေးရွာများနှင့် သွားလာမှု လွယ်ကူစေရေးအတွက် ဒေသခံပြည်သူများနှင့် တပ်မတော် ပူးပေါင်းပြီးကလေးမြို့နယ် ယောက်ချိုကွင်းကျေးရွာ(တီးတိန်မြို့နယ် မိုင်နွဲကျေးရွာအနီး)မှ တီးတိန်မြို့နယ် ဒေါ်လွင်ကျေးရွာအထိ မြေသားလမ်းအကျယ် ၁၂ ပေ၊အလျား ၁၁ မိုင်ကို ဖောက်လုပ်ခဲ့ရာ ဖောက်လုပ်ပြီးစီးနေပြီဖြစ်၍ ယခုအခါ တိုင်းရင်းသားပြည်သူများ တောင်ပေါ်နှင့် မြေပြန့်ဒေသကို ရာသီမရွေးလွယ်ကူ ချောမောစွာ သွားလာလျက်ရှိနေသည်။

သို့ဖြစ်ရာ ကလေးမြို့နယ်၏ အနောက်မြောက်ပိုင်းရှိ ဒေသများနှင့် တီးတိန်မြို့နယ် အရှေ့မြောက်ပိုင်းရှိ ဒေသခံတိုင်းရင်းသားများသည် လက်ဖက်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ၊ကုန်စည်စီးဆင်းမှု လွယ်ကူခြင်း၏ အကျိုးကျေးဇူးများကြောင့် မကြာမီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပျော်ရွှင်ကြည်နူးစွာဖြင့် လက်ဖက်ရွက်များ ခူးဆွတ်နေကြသော ဒေါ်လွင်ကျေးရွာသူများ။

ယာဉ်စည်းကမ်းလိုက်နာရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် မေ ၃၁

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး)ဒေါ်ကြည်ကြည်အိ ခေါင်းဆောင်သောအဖွဲ့သည် မေ ၂၅ ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ပါရမီလမ်းမကြီးပေါ်၌ မောင်းနှင်သွားလာနေသော မော်တော်ယာဉ်များ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်မှုရှိ၊ မရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် သတ်မှတ်ယာဉ်များအား မောင်းနှင်ခြင်း ရှိ၊ မရှိ၊ စည်းကမ်းနှင့် ညီညွတ်မှုရှိ၊ မရှိတို့ကို ရှောင်တခင် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်အိ ခေါင်းဆောင်သောအဖွဲ့ ရန်ကုန်မြို့ လှိုင်မြို့နယ် ပါရမီလမ်းမကြီးပေါ်၌ မောင်းနှင်နေသော မော်တော်ယာဉ်များ စည်းကမ်းနှင့် ညီညွတ်မှု ရှိ၊ မရှိ ရှောင်တခင်စစ်ဆေးဆောင်ရွက်စဉ်။ (ကညန)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် မေ ၃၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဘီလင်းမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ကသာမြို့တွင် ၂ ဒသမ ၄၁ လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၉၇ လက်မနှင့် စစ်ကိုင်းမြို့တွင် ၁ ဒသမ ၆၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိသည်။

ဇွန် ၁ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၃ဒသမသုည ဒီဂရီစင်တီဂရိတ်) ၉၁ ဒီဂရီဖာရင်ဟိုက် ၃၀-၅-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၄ဒသမ၅ ဒီဂရီစင်တီဂရိတ်) ၇၆ ဒီဂရီဖာရင်ဟိုက် ၃၁-၅-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၃၁-၅-၂၀၁၀
နေပူသည့်နာရီပေါင်း ၃ ဒသမ ၇ နာရီခန့် ၃၀-၅-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃၁-၅-၂၀၁၀	၃၅ မမ (၁. ၃၇လက်မ)	၄ မမ (၀. ၀၆လက်မ)	၂၃ မမ (၀. ၉၁လက်မ)
၁-၁-၂၀၁၀ မှ ယနေ့အထိ	၃၀၀ မမ (၁၁. ၈၁လက်မ)	၃၀၈ မမ (၁၂. ၁၃လက်မ)	၃၁၅ မမ (၁၂. ၄၁လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃၀-၅-၂၀၁၀ ရက် ၂း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၅၅ မိုင်နှုန်း တိုက်ခတ်သည်။

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကန်တော်ကြီး ရေကန်မှ မြို့ပေါ် ရပ်ကွက်အသီးသီးသို့ ရေစုပ်စက်များဖြင့် ရေစုပ်တင်ဖြန့်ဝေပေးနေမှုကို အမှုဆောင် အရာရှိ ဦးသန်းထွန်း ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

❖ ရှေ့ဖုံးမှ

ရေနံတူးစင် ပေါက်ကွဲမှုကြောင့် အလုပ်သမား ၁၁ဦး သေဆုံးခဲ့သည်။

အဆိုပါ ရေနံတူးစင်ကို ထရန်အိုးရှင်း (Transocean) ကုမ္ပဏီက ပိုင်ဆိုင်ပြီး BP ကုမ္ပဏီထံ နှစ်ချုပ် စာချုပ်အရ ငှားရမ်းပေးထားသည်။

Deepwater Horizon ရေနံတူးစင်သည် ကမ်းရိုးတန်းမှ ၄၁ မိုင်မျှသာ ကွာဝေးသောနေရာတွင် တည်ရှိသဖြင့် အဏ္ဏဝါဗေဒစနစ်များ ထိခိုက်ပျက်စီးမှုပြဿနာကို ဒေသခံပြည်သူလူထုတို့ နှစ်ပေါင်းကြာရှည် တွေ့ကြုံခံစားရနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ယင်းရေနံတူးစင်မှ ရေနံပန်းထွက်နေမှုမှာ ဩဂုတ်လအထိ ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

အမေရိကန် ပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့လေထုလွှာ စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်အရ မွန်ထရီပင်လယ်အော် ရေလုပ်ငန်းသုတေသနသိပ္ပံသည် စက်ရုပ်ရေငုပ်သင်္ဘောဖြင့် ရေနံယိုဖိတ်မှု အခြေအနေကို မေ ၂၈ ရက်မှစတင်၍ လေ့လာလျက်ရှိသည်။

အဆိုပါစက်ရုပ်ရေငုပ်သင်္ဘောငယ်သည် ပင်လယ်ရေမျက်နှာပြင်အောက် ပေ ၅၀၀၀ အထိ ငုပ်လျှိုးနိုင်သည်။

အင်တာနက်။



ပင်လယ်အောက်၌ လေ့လာနိုင်သော စက်ရုပ်ရေငုပ်သင်္ဘောငယ်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

▲ ကျောဖုံးမှ

အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ယခု သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာ ဖြန့်ဖြူးရေးစခန်း (ရွာမ)မှ စနစ်တကျ တပ်ဆင်ပြီးစီးပြီဖြစ်သဖြင့် မကြာမီကမ်းလွန် ၂၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ တိုးမြှင့်ရရှိလာမည့် သဘာဝဓာတ်ငွေ့များအား စနစ်တကျ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ထိန်းချုပ်ရေးခန်းမနှင့် စခန်းအတွင်းရှိ သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေး Facilities များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အလုံသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက တည်ဆောက်တပ်ဆင်ပြီးစီးသွားသည့် ကမ်းလွန်သဘာဝဓာတ်ငွေ့တိုးမြှင့် ဖြန့်ဖြူးပေးမည့် သဘာဝဓာတ်ငွေ့ ထိန်းချုပ်ဖြန့်ဖြူးရေးစခန်း(အလုံ)ကို ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ ပြည်တွင်းရှိ သဘာဝဓာတ်ငွေ့ သုံးစွဲမှုအား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၄ လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမှုလုပ်ငန်းများ ဆောင်ရွက်နေရာ ပြီးစီးလုနီးပြီဖြစ်သဖြင့် မကြာမီ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေးစခန်း(ရွာမ)မှ တစ်ဆင့် ကမ်းလွန်သဘာဝဓာတ်ငွေ့များကို တိုးမြှင့်ဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ တောက်ပမိုး၏

ဆေးလိပ်ဈေးကွက်၊ ဆွဲဆောင်အား ကျားမ မရွေး သတိထား

ဒေါက်တာအောင်ထွဏ်း
(ကျောင်းနှင့် ဆယ်ကျော်သက်လူငယ်ကျန်းမာရေး)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နှစ်စဉ် မေလ ၃၁ရက်နေ့ကို **ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့** "World No Tobacco Day" အဖြစ် သတ်မှတ်၍ တစ်ကမ္ဘာလုံးတွင် ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၉ခုနှစ်တွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်အဖြစ် **ဆေးလိပ်အန္တရာယ် ဆင်ခြင်ဖို့၊ ကျန်းမာရေးအတွက် သတိပေးစို့** (Tobacco Health Warning)ဟု သတ်မှတ် ဆောင်ရွက်ခဲ့သည်။ ယခုနှစ်တွင်လည်း **ဆေးလိပ်ဈေးကွက်၊ ဆွဲဆောင်အား ကျားမ မရွေး သတိထား** (Gender and tobacco with an emphasis on marketing to women)ဟူ၍ သတ်မှတ်ဆောင်ရွက်ရန် ညွှန်ကြားထားသည်။ အထူးသဖြင့် အမျိုးသမီးများအား ဆေးလိပ်ဈေးကွက်မှ ပိုမိုပစ်မှတ်ထား ဆွဲဆောင်လာခြင်းအား သတိထား ကာကွယ်ကြရန် ဖြစ်သည်။

လက်ရှိကမ္ဘာ့ဆေးလိပ်သောက်သုံးမှုအခြေအနေ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ယခုအခါ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူဦးရေ သန်းတစ်ထောင်ကျော် ရှိပါသည်။ ၎င်းသန်းတစ်ထောင်အနက် အများစုသည် အာရှတိုက်မှ ဖြစ်ကြသည်။ ဖွံ့ဖြိုးပြီးတိုင်းပြည်များသည် ဆေးလိပ်ဆေးရွက်ကြီး၏ အန္တရာယ်ကို သိမြင်လာကြသည့်အလျောက် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုနှုန်းများ ကျဆင်းလျက်ရှိသော်လည်း ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် ဆေးလိပ်သောက်သုံးသူဦးရေ တိုးတက်များပြား လျက်ရှိကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးငယ်များတွင် သိသာစွာ တိုးတက်များပြားလာသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင်မူ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ကို ပိုမို သိရှိနားလည်ကြသည့်အလျောက် ဆေးလိပ်သောက်သုံးမှုနှုန်းထားများ လျော့နည်းကျဆင်းလျက်ရှိသည်ကို တွေ့ရှိရသည်။ ကျောင်းသား၊ ကျောင်းသူများအတွက် စီးကရက်သောက်သုံးမှုနှုန်းမှာ ၂၀၀၁ခုနှစ် စစ်တမ်း (Global Youth Tobacco Survey 2001)အရ ရှစ်တန်း၊ ကိုးတန်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ၏ ၁၀ဒသမ၂ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ခုနှစ် စစ်တမ်း (Global Youth Tobacco Survey 2007)အရ ၄ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း သိရှိရသည်။

အလားတူ အသက်(၁၅)နှစ်အထက် အမျိုးသားများအတွင်း ဆေးလိပ်သောက်သုံးမှုနှုန်းသည်လည်း ၁၉၉၀ ဝန်းကျင်မှာ ၆၀ရာခိုင်နှုန်းကျော်ရှိခဲ့ရာမှ ၂၀၀၁ခုနှစ်တွင် ၄၈ရာခိုင်နှုန်းမှ ၂၀၀၇ခုနှစ်တွင် ၂၆ရာခိုင်နှုန်းကျော်သာရှိကြောင်း တွေ့ရှိရသည်။ အမျိုးသမီးများတွင် ဆေးလိပ်သောက်သုံးမှုအနေနှင့် မြို့ပြတွင် သိသာစွာ လျော့နည်းကျဆင်းလျက်ရှိရာ မြို့ပြနေအမျိုးသမီးထု၏ လေးရာခိုင်နှုန်းနှင့် ကျေးလက်နေအမျိုးသမီးထု၏ ၂၀ရာခိုင်နှုန်းခန့် ဆေးလိပ်သောက်သုံးလျက်ရှိကြောင်း တွေ့ရှိရသည်။

ဆေးလိပ်အန္တရာယ်

ဆေးလိပ်၏ အခိုးအငွေ့များတွင် ဓာတ်ပစ္စည်းအမျိုးပေါင်း ၄၃၀၀ ကျော်ပါဝင်သည်။ ၎င်းအထဲတွင် လူများကို အန္တရာယ်ဖြစ်စေနိုင်သော (ကတ္တရာ၊ နီကိုတင်း၊ ကာဗွန်မိုနောက်ဆိုက်၊ ဘင်ဇင်း၊ အမိုးနီးယား)ဓာတ်များစွာ ပါဝင်သည်။ အဓိကပါဝင်သောပစ္စည်းမှာ နီကိုတင်းဖြစ်၏။ လူကို အလွန်စွဲလမ်းစေသောအရာ ဖြစ်သည်။ နီကိုတင်း၏ စွဲလမ်းစေသော အာနိသင်ကြောင့် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးတို့ကို စတင်စမ်းသပ်သောက်သုံးကြည့်ရာမှ တဖြည်းဖြည်း ပို၍စွဲလမ်းလာပြီး မသောက်ရမနေနိုင်အောင် ဖြစ်လာကြသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးသည် သုံးစွဲသူတို့၏ ကိုယ်တွင်းရှိ အင်္ဂါအားလုံးလောက်နီးပါးကို ထိခိုက်စေသည်။ အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ အသံအိုးကင်ဆာများအပြင် အစာမျိုပြွန်၊ ဆီးအိမ်၊ ကျောက်ကပ်၊ ပန်ကရိယ၊ အသည်း၊ သားအိမ်ခေါင်း၊ အစာအိမ်၊ အူမကြီး၊ စအိုလမ်းကြောင်းကင်ဆာများကိုလည်း ဖြစ်စေနိုင်သကဲ့သို့ သွေးကင်ဆာများလည်း ဖြစ်စေနိုင်ပေသည်။ ဆေးလိပ်သောက်သုံးခြင်းကြောင့် အဆုတ်ပွခြင်း၊နာတာရှည် လေပြွန်ရောင်ရမ်းခြင်းစသော အဆုတ်နှင့် ပတ်သက်သည့်ရောဂါများ ပိုမိုဖြစ်ပွားစေနိုင်သည်။ ဆေးလိပ်သောက်သုံးသူနှင့် သူ၏ပတ်ဝန်းကျင်တွင်လည်း ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် လသားကလေးငယ်များ ရုတ်တရက်သေဆုံးခြင်း၊ အဆုတ်ရောဂါ ဖြစ်ခြင်း၊ ကလေးများတွင် ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ နားပြည်ယိုခြင်း၊ အဆုတ်ပြွန် ရောင်ခြင်း၊ လူကြီးများတွင် နှလုံးရောဂါနှင့် အဆုတ်ကင်ဆာ ဖြစ်ခြင်း၊ ရင်ကျပ်ပန်းနာဖြစ်ခြင်းတို့ ဖြစ်ပွားစေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေ ငါးသန်းကျော် သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပေါ်ရသည့် ရောဂါများကြောင့် သေဆုံးလျက်ရှိကြပြီး ၂၀၂၀ခုနှစ်တွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပွားသေဆုံးမှုသည် လူအများသေဆုံးရခြင်း၊ ရောဂါဖြစ်ပွားရခြင်းတို့၏ အဓိကအကြောင်းခံတရား ဖြစ်လာနိုင်ပါသည်။

အမျိုးသမီးနှင့် ဆေးလိပ်ဈေးကွက်ပစ်မှတ်

ဆေးလိပ်သောက်ခြင်း၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအန္တရာယ်ကို သိမြင်လာကြသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများသည် စီးကရက် အရောင်းကျလာသည့် အလျောက် စီးကရက်လုပ်ငန်းရှင်များသည် မိန်းမသားများအား ပို၍ပစ်မှတ် ထားလာကြသည်။ အနောက်နိုင်ငံများ၌ ဆေးလိပ်၏အန္တရာယ်ကို သိရှိလာ၍ ဆေးလိပ်သောက်သုံးမှုနှုန်းထား ကျဆင်းလာသောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဈေးကွက်သစ်များ ရှာလာကြသည်။ ပရိယာယ်ကြွယ်သော ကူးသန်းရောင်းဝယ်ရေး မဟာဗျူဟာများဖြင့် မိန်းမသားများအား ဆေးလိပ်သောက်ရန် မြှူဆွယ်လာကြသည်။ မိန်းမသားများကို ၁၉၅၀ခုနှစ်မှစ၍ ဆေးလိပ်၏ပစ်မှတ်များအဖြစ် စတင်ခဲ့သည်။

၁၉၈၂ခုနှစ် အမေရိကန်ပြည်ထောင်စု ဆေးဝါးဂျာနယ်၌ ဆေးလိပ်သူဌေးကြီးများက မိန်းမသားများ ဆေးလိပ်သောက်သုံးမှုများ ပို၍များပြားလာသောကြောင့် အမျိုးသမီးများသည် လူ့ဘောင်အဖွဲ့အစည်း၌ ပိုမိုလွှမ်းမိုးသော အခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်နေခြင်းနှင့် စွမ်းရည်ပိုမိုသုံးနိုင်ခြင်း၊ ယောက်ျားများထက် အသက်ပို၍ရှည်ခြင်းများကြောင့် အဓိကပစ်မှတ်ဖြစ်လာကြောင်း ဖော်ပြထားသည်။

အခြားသောဒေသများနှင့်စာလျှင် အရှေ့တောင်အာရှဒေသတွင် ဆေးလိပ်သောက်သုံးသူအမျိုးသမီး အတော်အတန်နည်းသည်ဟု ထင်ရသော်လည်း လူဦးရေများပြားသောနိုင်ငံများတွင် သန်းနှင့်ချီ၍ သောက်သုံးနေကြသည်။ ပမာဆိုရသော် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိန်းမသားများမှာ ငါးသန်းကျော် ဆေးလိပ်သောက်သုံးနေကြသည်။

အမျိုးသားဆေးလိပ်သောက်သုံးသူများသည် ၁၉၈၀ခုနှစ်မှ ၁၉၉၃ခုနှစ်ကြား ၆၇ ရာခိုင်နှုန်းမှ ၆၀ရာခိုင်နှုန်းအထိ လျော့နည်းလာခဲ့သော်လည်း မိန်းမသားများမှာ ၁ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ တိုးမြင့်သောက်လာကြသည်။

အိန္ဒိယနိုင်ငံတွင် မိန်းမသားများ ၄၅ သန်းခန့်ဆေးလိပ်သောက်ကြပါသည်။ ၁၅ ရာခိုင်နှုန်းမှ ၆၇ ရာခိုင်နှုန်းအထိ ရာနှုန်းအားဖြင့် ကွာခြားမှုရှိကြောင်း တွေ့ရသည်။ နီပေါနိုင်ငံတွင် ၁၉၉၈ခုနှစ် လေ့လာချက်အရ တောင်ပေါ်အရပ်ဒေသရှိ မိန်းမသားများ၏ ၇၀ ဒသမ ၇ ရာခိုင်နှုန်းသောက်ပြီး မြေပြန့်မှ အမျိုးသမီးများ၏ ၅၈ ဒသမ ၉ ရာခိုင်နှုန်းခန့် သောက်သုံးကြ၍ ကမ္ဘာပေါ်တွင် အမျိုးသမီးဆေးလိပ် သောက်သုံးမှု အများဆုံးနိုင်ငံဖြစ်ကြောင်း လေ့လာ တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ ၂၀ရာခိုင်နှုန်းခန့် ဆေးလိပ်သောက်သုံးကြသည်။ အထူးသဖြင့် ကျေးလက်နေ အမျိုးသမီးထုအတွင်း ဆေးလိပ်သောက်ခြင်း၊ ဆေးငုံခြင်းအလေ့အကျင့် ထွန်းကားလျက်ရှိသေးသည်။

ဆေးလိပ်သည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အိမ်ဦးခန်းတွင် ရှိခဲ့သည်။ ဧည့်သည်အား ဧည့်ခံရာတွင် ကွမ်း၊ ဆေး၊ လက်ဖက်သည် ရိုးရာအစဉ်အလာတစ်ခုဖြစ်ခဲ့သည်။ မိဘဘိုးဘွားများက လူငယ်များကို မီးညှိခိုင်းခြင်းဖြင့် ဆေးလိပ်ကို ယဉ်ပါးစေသည်။ စီးကရက်ကို ကုန်ပစ္စည်းတစ်ခုအဖြစ် အရောင်းမြှင့်တင်ရာတွင် ကံစမ်းမဲများ၊ လက်ဆောင်များ၊ အားကစားပွဲပဟေဠိများ၊ ဖျော်ဖြေပွဲများမှ တစ်ဆင့်လည်း လူတန်းစားအရွယ်အသီးသီးကို စီးကရက်အမျိုးမျိုးဖြင့် ယဉ်ပါးစေသည်။ စီးကရက်များကို သုံးစွဲသူများအား ဆွဲဆောင်နိုင်သည်။ ထို့ပြင် တစ်လိပ်ချင်း၊ ဘူးငယ်လေးများဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်အောင်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။ ဤသည်မှာ သုံးစွဲသူများအား အလွယ်တကူ စည်းရုံးဆွဲဆောင်သည့် ဈေးကွက်စီးပွားရေး နည်းပညာများ ဖြစ်ပါသည်။

ဆေးလိပ်နှင့်အမျိုးသမီးများ၏ ကျန်းမာရေးပြဿနာ

အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်သောက်လျှင် သားအိမ်မှတစ်ဆင့် သန္ဓေသားသို့သွားသည့် သွေးကြောကျဉ်းခြင်း၊ သွေးခဲခြင်းတို့ကြောင့် သန္ဓေသားသည် အောက်ဆီဂျင်နှင့် လိုအပ်သောအာဟာရဓာတ် အလုံအလောက်မရဘဲ မိခင်ရော ကလေးပါ ထိခိုက်စေနိုင်ပါသည်။ သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းသည်လည်း ဝမ်းတွင်းသန္ဓေသားကို ထိခိုက်စေနိုင်ပါသည်။ ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်သောက်ခြင်းကြောင့် သားအိမ်ပြင်ပတွင် သန္ဓေတည်ခြင်း၊ သားပျက်သားလျှောခြင်း၊ လမစေ့ဘဲကလေးမွေးခြင်း၊ ပေါင်ချိန်မပြည့်သည့် ကလေးမွေးခြင်း၊ ကလေးအသေမွေးခြင်း၊ မွေးရာပါကိုယ်အင်္ဂါချို့ယွင်းသည့် ကလေးမွေးခြင်းတို့ ဖြစ်ပွားနိုင်သည်။ ထို့အပြင် ဆေးလိပ်သောက်သုံးသူမိခင်များမှ မွေးဖွားသောကလေးများ၏ ဦးနှောက်နှင့် ကိုယ်အင်္ဂါဖွံ့ဖြိုးမှုသည် အသက် (၁၀)နှစ်အရွယ်အထိ ပုံမှန်မဟုတ်ဘဲ နှေးကွေးကြံလှီတတ်ပါသည်။

မြန်မာနိုင်ငံ ဆေးလိပ်နှင့်ဆေးရွက်ကြီးကင်းစင်ရေး ဆောင်ရွက်ချက်များ

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း အမျိုးမျိုးဖြစ်သော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ် စသည်တို့နှင့် ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း အစရှိသော ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုး သောက်သုံးခြင်းသည် လူငယ်၊ လူရွယ်များနှင့် ပြည်သူများ သိမြင်သဘောပေါက်ရှောင်ကြဉ် နိုင်စေရန်အတွက် ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ပါသည်။

ထင်ရှားသော မှတ်တိုင်များအနေနှင့် ဆေးလိပ် ကြော်ငြာဆိုင်းဘုတ်များကို ကန့်သတ်ပိတ်ပင်တားမြစ်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအားလုံးတွင် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းမှုမပြုခြင်း၊ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများအား ဆေးလိပ်မသောက်ရနယ်မြေအဖြစ် သတ်မှတ်ခြင်း စသည်တို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများက လေးနှစ်ကြာ ညှိနှိုင်းရေးဆွဲခဲ့ပြီး၂၀၀၃ ခုနှစ် မေလတွင် ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံတွင် အဖွဲ့ဝင် နိုင်ငံအားလုံးက တညီတညွတ်တည်း အတည်ပြုခဲ့ကြသည်။ အဆိုပါကွန်ဗင်းရှင်းရေးဆွဲရေး အဆင့်များတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အစဉ်တစိုက် ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသတွင်း ညှိနှိုင်းအစည်းအဝေးကိုလည်း မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ၂၀၀၃ခုနှစ် အောက်တိုဘာ ၂၃ရက်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး၊ ၂၀၀၄ခုနှစ် ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့သည်။ မြန်မာနိုင်ငံအနေနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို အတည်ပြုသည့် (၁၁)နိုင်ငံမြောက် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်ခဲ့သည်။ ထိုအောင်မြင်မှုများကို မှတ်တမ်းတင်ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချီးမြှင့်သည် ၂၀၀၄ ခုနှစ်အတွက် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဆုကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်က လက်ခံခဲ့သည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၆ ခုနှစ် မေ ၄ရက်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၅/၂၀၀၆) အဖြစ် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေတွင် ကွန်ဗင်းရှင်းပါနေရာများ သတ်မှတ်ခြင်း၊ ဆေးလိပ်ကြော်ငြာများကို လုံးဝပိတ်ပင်တားမြစ်ခြင်း၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား ဆေးလိပ်ရောင်းချမှုကို တားမြစ်ခြင်း၊ ဆေးလိပ် ထုပ်ပိုးရာတွင် ကျန်းမာရေး သတိပေးချက်ပါရှိစေခြင်း စသည်တို့ပါဝင်သည်။

ဥပဒေအရ ဆေးလိပ်ကြော်ငြာခြင်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြော်ငြာခြင်းကို ခွင့်မပြုသကဲ့သို့ ဆေးလိပ်အရောင်းမြှင့်တင်ရေးအတွက် Sponsor လုပ်ခြင်းကိုလည်း ပိတ်ပင်တားမြစ်ထားပါသည်။ ဆေးလိပ်၊ ဆေးတံများ၊ အမှတ်အသားများကို သွယ်ဝိုက်ကြော်ငြာ အသုံးပြုခြင်းကိုလည်း ပြုလုပ်ခွင့်မပြုပါ။ ဥပဒေသည် ၂၀၀၇ခုနှစ် မေ ၄ရက်တွင် စတင်အာဏာသက်ဝင်ပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများအနေနှင့် ဌာနအလိုက် ညွှန်ကြားချက်များ ထုတ်ပြန်သွားကြရန် လိုအပ်မည်ဖြစ်သည်။

ဆေးလိပ်သောက်သူ အများစုသည် ကလေးသူငယ်ဘဝမှာ ဆေးလိပ်ကို စတင်သောက်သုံးရင်းနှင့် စွဲလမ်းသွားကြတာ ဖြစ်သည်။ ထို့ကြောင့် ဆေးလိပ်ကို အသက် (၁၈)နှစ်အောက် ကလေးသူငယ်များကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ကလေးသူငယ်များကို ဆေးလိပ်ရောင်းချဖြန့်ဖြူးရာတွင် စေခိုင်းခြင်းတို့ကို တားမြစ်ထားသည့်အပြင် ကျောင်းများ၏ ပေ ၁၀၀အတွင်းမှာ ဆေးလိပ်ရောင်းချခြင်းတို့ကို တားမြစ်ထားပါသည်။

အများပြည်သူတို့ သူတစ်ပါးဆေးလိပ်ငွေ့ ရှူရှိုက်ရခြင်းအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများနှင့် အကန့်အသတ်ဖြင့် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာများကို ဥပဒေမှာ အသေးစိတ်ဖော်ပြထားရှိသည်။ ဥပဒေပါ အချက်အလက်များကို ဖောက်ဖျက်ကျူးလွန်ပါက ပြစ်ဒဏ်ကျခံရမှာဖြစ်သည့်အတွက် ဥပဒေပါ အချက်အလက်များကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိသဘောပေါက်နိုင်ရေးအတွက် ပညာပေးလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်သွားရန် လိုအပ်သည်။

လမ်းမှားသို့ ပို့ဆောင်နေသည့် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း ကြော်ငြာများ

ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုသည် ကာကွယ်တားဆီးနိုင်သော ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကူးစက်ရောဂါဖြစ်ပြီး နိုင်ငံများစွာရှိ ဆေးလိပ်ကုမ္ပဏီကြီးများက ဆိုခဲ့ပြီးသော ကူးစက်ရောဂါပျံ့နှံ့မှုကို ပိုမိုဆိုးရွားအောင် မီးထိုး ဆီထည့်ပေးနေကြသည်။ ၎င်းကုမ္ပဏီများက ကြော်ငြာခြင်း၊ အရောင်းမြှင့်တင် ရေးပစ္စည်းများဝေငှခြင်း၊ အခမ်းအနားများကို အကုန်အကျ တာဝန်ခံပေးခြင်း၊ ထုတ်လုပ်ပစ္စည်းကို လွယ်လင့်တကူ ဝယ်ယူရရှိစေခြင်း၊ ထို့အပြင် အောင်မြင်မှုနှင့် ဆေးလိပ်ကို ယှဉ်တွဲ၍ဖော်ပြသော ဆိုင်းဘုတ်ကြီးများကို အသုံးချပြီး လူငယ်လူရွယ်နှင့် ကလေးများအား ဖြားယောင်းသွေးဆောင်လျက်ရှိပါသည်။

စုပေါင်းကာကွယ် ဆေးလိပ်အန္တရာယ်

၂၀၁၀ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့သည် ဆေးလိပ်၊ ဆေးရွက်ကြီး ရောင်းဝယ်ခြင်းနှင့် သောက်သုံးခြင်းသည် အမျိုးသမီးများ အကျိုးယုတ်နိုင်ကြောင်းကို နှိုးဆော်ရန် ရည်ရွယ်ပါသည်။ တစ်ချိန်တည်းမှာပင် အမျိုးသားများသည် အမျိုးသမီးများ နေထိုင်ရာနှင့် လုပ်ငန်းခွင်များအတွင်း ဆေးလိပ်သောက်သုံးခြင်းကို ရှောင်ကြဉ်နိုင်ရန် မိမိတို့တွင်ပါ တာဝန်ရှိကြောင်းကို သိမြင်စေပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုဆိုင်ရာ ကွန်ဗင်းရှင်းတွင် ဖော်ပြချက်အရ အမျိုးသမီးများနှင့် အမျိုးသားများအား ဆေးလိပ်နှင့် ဆေးရွက်ကြီးကုမ္ပဏီများမှ ရောင်းချခြင်းနှင့် ဆေးလိပ်သောက်သုံးခြင်းကို ကာကွယ်ရပါမည်။ ၂၀၀၅ခုနှစ်မှ စတင်အသက်ဝင်ခဲ့သည့် နိုင်ငံတကာ သဘောတူစာချုပ်ဝန်ခံချက်အရ ဆေးလိပ်နှင့် အခြားဆေးလိပ်၊ ဆေးရွက်ကြီး ထွက်ပစ္စည်း သုံးစွဲခြင်းသည် အမျိုးသမီးနှင့် လူငယ်မိန်းကလေးများအတွင်း များပြားလျက်ရှိခြင်းကြောင့် အမျိုးသားနှင့် အမျိုးသမီးသီးသန့် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှု ထိန်းချုပ်မှုမဟာဗျူဟာ လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်၍ ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နှီးနွှယ်ဌာနအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုတို့ဖြင့် မိမိတို့မိသားစုအတွင်း၊ ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း၊ ကျောင်းအတွင်းမှသည် တစ်နိုင်ငံလုံးတွင် ဆေးလိပ် အန္တရာယ်ကင်းဝေးရေးအတွက် အမျိုးသမီးထုအား ဆေးလိပ်ဈေးကွက် ပစ်မှတ်ထားခြင်းမှ သတိထားကာကွယ်၍ အောက်ပါအချက်များကို လိုက်နာကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းတိုက်ဖျက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

- **ဆေးလိပ်၊ ဆေးရွက်ကြီးကို အစပြုလျှင် စွဲတတ်သည်။ ထို့ကြောင့် ဆေးလိပ်ကို လုံး၀ အစမပြုပါနှင့်။**
- **ကွမ်းဆေးမစားပါနှင့်၊ ဆေးရွက်ကြီးမငုံပါနှင့်။**
- **မိဘပြည်သူများက သားသမီးများနှင့် ကလေးသူငယ်များကို ဆေးလိပ် အစမပြုမိကြစေရန် ဝိုင်းဝန်းစောင့်ရှောက်ကြပါ။ သတိပေးကြပါ။**
- **ဆေးလိပ်သောက်မိလျှင်၊ စွဲနေလျှင် ဖြတ်နိုင်ရန် ကြိုးစားပါ။ နီးစပ်ရာ ကျန်းမာရေးဌာနတွင် တိုင်ပင်ပြသပါ။**
- **ကျန်းမာရေးပညာရှင်များနှင့် ကျန်းမာရေးအသိရှိသူတိုင်းက စံပြနမူနာအဖြစ် ဆေးလိပ်၊ ဆေးရွက်ကြီးကို ရှောင်ကြဉ်ကြပါ။လူနာများ၊ လူနာ မိသားစုများ၊ ပြည်သူများကို ပညာပေးစည်းရုံးပါ။ ။**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး သွေးနှင့်သွေးရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများ တင်ပြသည့် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

သွေးနှင့်သွေးရောဂါဆိုင်ရာ သုတေသနပညာရှင်များအား ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တွေ့ဆုံမှာကြား

ရန်ကုန် မေ ၃၁

ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် မေ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသော သွေးနှင့်သွေးရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများတင်ပြသည့် အစည်းအဝေးသို့ တက်ရောက်၍ သုတေသနလုပ်ငန်းသည် အရေးပါသည့်လုပ်ငန်းဖြစ်သဖြင့် ပညာရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပြီး ရလဒ်များကို ပညာဖြန့်ဖြူးပေးရန်လိုကြောင်း၊ သွေးရောဂါများနှင့်စပ်လျဉ်းသည့် ပညာပေးလုပ်ငန်းကိုလည်း အစဉ်အမြဲဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသွေးသုတေသနဌာနမှ ညွှန်ကြားရေးမှူးနှင့် သုတေသီများက သွေးသုတေသနပြု ဆောင်ရွက်ချက်များနှင့် သုတေသနတွေ့ရှိချက်များကို တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

အစည်းအဝေးသို့ သွေးသုတေသနလုပ်ငန်းများဆောင်ရွက်နေသော ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ဆေးတက္ကသိုလ်များ၊ ဆေးရုံကြီးများမှ ပါမောက္ခများ၊ သမားတော်များ၊ သွေးဘက်ဆိုင်ရာ သမားတော်များနှင့် ပညာရှင်များ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးသည် ယနေ့ နံနက် ၉ နာရီတွင် ဆေးတက္ကသိုလ် (၁)ရန်ကုန် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများအား တွေ့ဆုံ၍ ဆေးပညာသင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးအမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပမည့်ရက် ပြောင်းလဲကြောင်း ကြေညာ

နေပြည်တော် မေ ၃၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်က ဖိတ်ခေါ်ကျင်းပခဲ့သည့် ၂၀၁၀ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

၂၀၁၀ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မူလကျင်းပမည့် ဇွန် ၅ ရက်အစား ဇွန် ၄ ရက်တွင် ကျင်းပမည်ဖြစ်၍ ဆုရရှိသူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ် (၂၈) နေပြည်တော် ဖုန်း-၀၆၇-၄၀၅၃၈၃၊ ၄၀၅၃၈၆၊ ၄၀၅၃၉၀ တို့သို့ ဇွန် ၃ ရက် နံနက် ၁၀ နာရီခွဲနောက်ဆုံးထား၍ ကိုယ်တိုင်လာရောက် သတင်းပို့ကြပါရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က နှိုးဆော်ထားသည်။ (သတင်းစဉ်)

အကြိမ်(၈၀)မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၃၁

ကချင်ပြည်နယ် ကြက်ခြေနီအသင်း မြစ်ကြီးနားမြို့နယ် သူနာပြုတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးမြင့်ဝေ**(ယာပုံ)**သည် မေ ၂၇ ရက်က ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည့် စေတနာသွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်းပွဲ၌ အကြိမ်(၈၀) မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



မေ ၁၉ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့ ပြည်မြို့နယ် နဖားအင်း - ဇီးတောကျေးရွာချင်းဆက်လမ်းပေါ်ရှိ လင်းပယ်ရွာ ဂမ္ဘီလာချောင်းကူးသစ်သားတံတား တည်ဆောက်မှုကို ကွင်းဆင်းကြီးကြပ်စဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များ Computex 2010 ပြပွဲ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် မေ ၃၁

တရုတ်(တိုင်ပေ)၌ ဇွန်၁ ရက်မှ ၅ ရက်အထိ ကျင်းပမည့် Computex 2010 ပြပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ အသင်းဝင်လုပ်ငန်းရှင် ၂၀ တို့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင် အသင်းဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

Computex 2010 ပြပွဲသည် အာရှတိုက်၏ အကြီးဆုံးနည်းပညာပြပွဲဖြစ်ပြီး နိုင်ငံပေါင်း ၁၃၀ မှ IT လုပ်ငန်းရှင်များ လာရောက်လေ့လာကြမည်ဖြစ်ပြီး အသစ်ထုတ်ဖော်ပြသမည့် နည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများနှင့် ပြပွဲပြသမှုပုံစံများကို မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များက လေ့လာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ကြီးကြပ်ဆောင်ရွက်

မေ ၁၄ ရက်က လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းရှိ သား၊ ငါးရုံများ သန့်ရှင်းသပ်ရပ်ရေးအတွက် လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး (ဈေး) ဦးသန်းမြင့်စိုး ဦးစီး၍ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်မြို့၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်း

ပြည် မေ ၃၁

ပြည်မြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သော ရှေးဦးပြုစုခြင်း အခြေခံသင်တန်း အမှတ်စဉ်(၆/၂၀၁၀) ဆင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ပြည်မြို့ အမှတ် (၂) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ပြည်မြို့ ကြက်ခြေနီတပ်ဖွဲ့တပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်ထွဋ်က တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်နှင့်အတူ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပေးပို့ထောက်ပံ့သော ကြက်ခြေနီဝတ်စုံနှင့် ရှေးဦးသူနာပြုဆေးအိတ်များ ပေးအပ်သည်။ အဆိုပါသင်တန်းသို့ ပြည်မြို့ပေါ်ရှိ ဆင်စုရပ်ကွက်၊ နဝင်းရပ်ကွက်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ အင်အား ၃၀ ခန့် တက်ရောက်ကြသည်။

(တိုင်းပြန်/ဆက်)

ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ တပ်ဖွဲ့ဝင်သားသမီးများအား ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၁) လမ်းရှိ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့

ရှေးဦးစွာ ခေတ္တ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲမှူး စိုးမြင့်ဦးက ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ရသည့် ရည်ရွယ်ချက်များကိုရှင်းလင်း ပြောကြားပြီး ရဲမှူး စိုးမြင့်ဦးနှင့် ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်ခင်မာကြည်က တက္ကသိုလ်အဆင့် ၂၄ ဦး၊ အထက်တန်းအဆင့် ၅၃ ဦး၊ အလယ်တန်းအဆင့် ၉၆ ဦးနှင့် မူလတန်းအဆင့် ၁၄၃ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၂၃၂၅၀၀၀ ကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ အလွမ်းတေးပန်းခြီ ချစ်သူဆီ
၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၅၀ ၁၀။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား - Coted' Lvoire and Honduras
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းစ -ဂျေမောင်မောင်
၆:၄၀ ၁၅။ အကြင်နာလက်တစ်စုံ
၇:၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၁၆)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ -မှီခိုသူ ချစ်လူလူအဖွဲ့နှင့် ချစ်ချောအဖွဲ့ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လရောင်ဆမ်းတဲ့ ဒဏ္ဍာရီ (အပိုင်း-၁၁)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

၂-၆-၂၀၁၀ ရက်နေ့ (ဗုဒ္ဓဟူးနေ့အစီအစဉ်)

၁။ ၀၁:၃၀ WORLD CUP NATIONAL TEAM FRIENDLY MATCHES ဘောလုံးပွဲ (Live) -Portugal Vs Cameroon

ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၁၀ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေ ငါးသန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အချိန်မတိုင်မီရောဂါများဖြစ်ပွားပြီး သေဆုံးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆက်လက်သုံးစွဲကြမည်ဆိုလျှင် ၂၀၃၀ ခုနှစ်တွင် တစ်နှစ်လျှင် လူဦးရေ ရှစ်သန်းကျော် သေဆုံးမည်ဖြစ်ပြီး အဆိုပါသေဆုံးသူများအနက် ငါးပုံလေးပုံသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများတွင် ဖြစ်ပွားသည့် သေဆုံးမှု၏ လေးပုံတစ်ပုံခန့်သည် ဆေးလိပ်သောက်မှုကြောင့် ဖြစ်ကြောင်း။

အတည်ပြုခဲ့

ကမ္ဘာတစ်ဝန်း ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှုကို အောင်မြင်စွာ ထိန်းချုပ်နိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများက လေးနှစ်ကြာညှိနှိုင်းဆွေးနွေးခဲ့ပြီး ၂၀၀၃ ခုနှစ် မေလတွင် ကျင်းပသည့် (၅၆)နှစ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံအားလုံးက တညီတညွတ်တည်းအတည်ပြုခဲ့ကြကြောင်း၊ အဆိုပါ ကွန်ဗင်းရှင်း ရေးဆွဲရေးအဆင့်များတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အစဉ်တစိုက် ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသတွင်း ညှိနှိုင်းအစည်းအဝေးကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ကြောင်း၊ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံက ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် သဘောတူလက်မှတ် ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့ကြောင်း။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာသည့်အလျောက် ကွန်ဗင်းရှင်းပါ အချက်အလက်များကို အခြေခံသည့် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါ ဥပဒေတွင် ကွန်ဗင်းရှင်းပါ အချက်အလက်များဖြစ်သည့် သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရခြင်းမှ ကင်းဝေးစေရန် ဆေးလိပ်မသောက်ရသည့် နေရာများ သတ်မှတ်ခြင်း၊ ဆေးလိပ်ကြော်ငြာများကို လုံးဝပိတ်ပင်တားမြစ်ခြင်း၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား ဆေးလိပ်ရောင်းချမှုကို တားမြစ်ခြင်း၊ ဆေးလိပ်ထုပ်ပိုးရာတွင် ကျန်းမာရေးသတိပေးချက် ပါရှိစေခြင်းစသည်တို့ ပါဝင်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ဆေးလိပ်အမျိုးမျိုးဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ် စသည်တို့ကို ကိုယ်တိုင်သောက်သုံးခြင်းနှင့် သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်း၊ ဆေးပါသောကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်းစသည့် ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုး သုံးစွဲခြင်းတို့ကြောင့် လူငယ်၊ လူရွယ်များနှင့် ပြည်သူလူထုတစ်ရပ်လုံးကို ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အန္တရာယ်အမျိုးမျိုး ကျရောက်စေနိုင်ကြောင်း၊ ပြည်သူများ သိမြင်သဘောပေါက် ရှောင်ကြဉ်နိုင်စေရန်အတွက် ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့ကြောင်း။

ညှိနှိုင်းဆောင်ရွက်

ကျား-မ မရွေး ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ရောဂါဝေဒနာခံစားရပြီး အချိန်မတိုင်မီ စောစီးစွာ သေဆုံးရမည့် အခြေအနေကို ကာကွယ်နိုင်ရန် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန အနေနှင့် အခြားနီးနွယ်ဌာနများနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထင်ရှားသောမှတ်တိုင်များအနေနှင့် ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်များကို ကန့်သတ်ပိတ်ပင်တားမြစ်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအားလုံးတွင် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းခွင့်မပြုခြင်း၊ ကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများအား ဆေးလိပ်မသောက်နယ်မြေများအဖြစ် သတ်မှတ်ခြင်းစသည်တို့ကို ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယခင်နှစ် ၂၀၀၉ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် Global Health Professions Student Surveys အပါအဝင် သုတေသနစစ်တမ်းအရ ဆေးပညာရှင် ကျောင်းသား၊ ကျောင်းသူများအတွင်းနှင့် မြို့ပြနှင့် ကျေးလက်ဒေသတို့တွင် နေထိုင်ကြသည့် ပြည်သူလူထု အမျိုးသား၊ အမျိုးသမီးများအတွင်း၌ပါ ကိုယ်တိုင်ဆေးလိပ်သောက်သုံးမှု၊ သူတစ်ပါးဆေးလိပ်ငွေ့ ရှူရှိုက်ရမှုနှင့် ဆေးပါသည့် ကွမ်းစားခြင်း၊ ဆေးရွက်ကြီး ငုံခြင်းတို့ ပြန်လည်များပြားလာတာကို ဆန်းစစ်တွေ့ရှိရကြောင်း၊ ကိုယ်တိုင်ဆေးလိပ်သောက်သုံးခြင်း၊ သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရခြင်းတို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ကိုယ်ဝန်ပျက်ခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေး မွေးဖွားခြင်း၊ တစ်နှစ်အောက်ကလေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တ ဌာနေကိုယ်စားလှယ် Dr. Leonard Ortega ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ရုတ်တရက်သေဆုံးခြင်း၊ ဉာဏ်ရည်မမီသောကလေး မွေးဖွားခြင်း စသည်တို့နှင့် ဆေးလိပ်ငွေ့ရှူရသောကလေးငယ်များတွင် ရင်ကျပ်ရောဂါ၊ လေပြွန်ရောင်ရောဂါ၊ အဆုတ်ရောင်ရောဂါ၊ နားပြည်ယို ရောဂါစသည်တို့ ဖြစ်စေနိုင်သည့်အတွက် အမျိုးသမီးများ ဆေးလိပ်သောက်သုံးခြင်း၊ သူတစ်ပါးဆေးလိပ်ငွေ့ရှူရခြင်းသည် မိခင်အတွက်ရောကလေးအတွက်ပါ အလွန်ထိခိုက်နိုင်တာကို သတိပြုစေလိုကြောင်း။

လူငယ်လူရွယ်ထုနှင့် ပြည်သူလူထုတစ်ရပ်လုံးအကြား ဆေးလိပ်သောက်သုံးမှု လျော့နည်းကျဆင်းရေး၊ ပြည်သူများ သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရှိုက်ရသည့်အန္တရာယ်မှ ကာကွယ်ပေးနိုင်ရေးတို့အတွက် နိုင်ငံတော်က ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ ဥပဒေပါ အချက်များကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ဆေးလိပ်သောက်သုံးခြင်း၊ သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရခြင်းတို့ကြောင့် ဖြစ်ပေါ်ရသည့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ ကင်ဆာရောဂါ စသည့်ရောဂါအမျိုးမျိုးဖြစ်ပွားမှု သိသာစွာလျော့နည်းကျဆင်းသွားမှာဖြစ်ကြောင်း၊ ဥပဒေကို တိကျစွာ လိုက်နာစေရန်နှင့် ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူနိုင်ရန်အတွက် ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်း၊ ဌာနဆိုင်ရာများက လိုအပ်သည့်ညွှန်ကြားလွှာများ ထုတ်ပြန်ပေးခြင်း၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်သွားရန်လိုအပ်မှာဖြစ်ကြောင်း။

တိုက်တွန်းမှာကြား

ထို့ကြောင့် ယခုနှစ်တွင် သတ်မှတ်ထားသည့်ဆေးလိပ်ဈေးကွက်ဆွဲဆောင်အား၊ ကျား-မ မရွေးသတိထား ဆိုသည့် ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်နှင့်အညီ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ၏ ကြော်ငြာဆွဲဆောင်မှုအန္တရာယ်ကို ပြည်သူလူထု တစ်ရပ်လုံး သတိပြုရှောင်ရှားနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ အခြားဝန်ကြီးဌာနအားလုံး လူမှုရေးအဖွဲ့အစည်းများက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တ ဌာနေကိုယ်စားလှယ် Dr. Leonard Ortega က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသောကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား အစီအစဉ်(ဒုတိယပိုင်း) Seminar on Gender and Tobacco ကိုကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Leonard Ortega က ဆေးလိပ်မသောက်ရေးနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးတင်ပြသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် ဆေးတက္ကသိုလ်(၂) (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာတင့်ဆွေလတ်က Prevention of NCD ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံကိန်း) ဒေါက်တာနီလာတင်က Gender and Tobacco ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၁) (ရန်ကုန်) ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာမျိုးဦးက Gender Differences in Tobacco Smoking and Cessation ခေါင်းစဉ်ဖြင့် လည်းကောင်း၊ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) ကျန်းမာရေးမူဝါဒနှင့် စီမံခန့်ခွဲမှုပညာဌာန၊ တွဲဖက်ပါမောက္ခ/ဌာနမှူး ဒေါက်တာနေစိုးမောင်က Battle between Tobacco Industries and Anti-Tobacco Activists ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြပြီး ဟောပြောပွဲတက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၆-၂၀၁၀ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ မေတ္တာသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ “ဝိနယဂုဏ်ဆောင်နိဗ္ဗာန်ဆောင်” တရားတော် (ဆရာတော်ဘဒ္ဒန္တ တေဇနိယဉာဏ)
- ၆း၅၀ ထင်ရှားဖူးမြော် မွေတော် ကက္ကုစေတီတော်
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၃)**
- ၈း၃၀ Sports World [Contender (Austrial & Sloveria)]
- ၈း၅၅ Activities In The City (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲ)
- ၉း၁၀ ငှက်ပြတိုက်(လျှော်ကားဉယျာဉ်)
- ၉း၂၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၉း၂၅ Cartoon Show Time (Timburton's Corpse Bride)
- ၁၀း၀၅ ကလေးတေးသရုပ်ဖော်အစီအစဉ် (မေမေ၊ ဖေဖေ)
- ၁၀း၁၅ ရာပြည့်အထိမ်းအမှတ်ဂုဏ်ပြု မှတ်တမ်းတင်ဆရာဦးသော်ဇင်
- ၁၀း၄၀ ဒို့တိုင်းဌာနီရောဝတီ [မြန်မာ့စပါးကျီ(သို့မဟုတ်) ရောဝတီ]
- ၁၀း၅၅ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဉယျာဉ်ကမ္ဘာ
- ၁၁း၁၅ သင်ကြားရေးလမ်းညွှန် (NELC Nelson English Language Centre)
- ၁၁း၄၀ သဒ္ဓါအားမာန်ထက်ရင့်သန် မြောင်းမြမြို့ရဲ့ ဒါနဆွမ်းဆန်
- ၁၁း၅၀ ငါးရစ်မျိုးငါး. . . တို့မစား (ရေး၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ရဲဝင်းနီ)
- ၁၂း၀၀ ရန်ကုန်မြင်ကွင်းကျယ် [Dagon Centre Shopping Mall (၇)နှစ်မြောက် အထူးအရောင်းမြှင့်ပွဲတော်ကြီး]
- ၁၂း၂၅ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (စိမ်းချိုသရက်သီး)
- ၁၂း၄၀ နွယ်ငြိမ်းရဲ့သင်္ကေတ. . . မြန်မာ့အလှ
- ၁း၀၀ “ဝိနယဂုဏ်ဆောင် နိဗ္ဗာန်ဆောင်”တရားတော် (ဆရာတော်ဘဒ္ဒန္တ တေဇနိယဉာဏ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival (Traditional Fashion)
- ၃း၂၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၃)**
- ၄း၀၀ ရာပြည့်အထိမ်းအမှတ်ဂုဏ်ပြု မှတ်တမ်းတင်ဆရာဦးသော်ဇင်
- ၄း၂၀ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (စိမ်းချိုသရက်သီး)
- ၄း၃၅ ကလေးတေးသရုပ်ဖော် အစီအစဉ် (မေမေ၊ ဖေဖေ)
- ၄း၄၅ Activities In The City (မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်း၏ ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲ)
- ၅း၁၀ World of Knowledge (Mega Structure; Miami Super Stadium)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Celebrity Style (အနဂ္ဃ၊ သံသာဝင်း)
- ၆း၅၀ သင်ကြားရေးလမ်းညွှန် (NELC Nelson English Language Centre)
- ၇း၁၅ Fashion Music Festival (Traditional Fashion)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Cartoon Show Time (Timburton's Corpse Bride)
- ၉း၁၀ ဒို့တိုင်းဌာနီရောဝတီ [မြန်မာ့စပါးကျီ(သို့မဟုတ်) ရောဝတီ]
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၃)**
- ၁၀း၀၀ Sunday Talk
- ၁၀း၄၀ Celebrity Style (အနဂ္ဃ၊ သံသာဝင်း)
- ၁၁း၁၀ ရန်ကုန်မြင်ကွင်းကျယ် [Dagon Centre Shopping Mall (၇)နှစ်မြောက် အထူးအရောင်းမြှင့်ပွဲတော်ကြီး]
- ၁၁း၃၀ ငှက်ပြတိုက်(လျှော်ကားဉယျာဉ်)
- ၁၁း၄၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
- ၁၁း၅၀ ငါးရစ်မျိုးငါး. . . တို့မစား (ရေး၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ရဲဝင်းနီ)
- ၁၂း၀၀ ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
- ၁၂း၁၀ သဒ္ဓါအားမာန်ထက်ရင့်သန် မြောင်းမြမြို့ရဲ့ ဒါနဆွမ်းဆန်
- ၁၂း၂၀ ဖြူးချောင်းတံတား
- ၁၂း၃၀ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့် အာဆီယံအလုပ်သမားဝန်ကြီးများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့ (၂၁)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲတွင် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ဝန်ကြီး ဦးအောင်ကြည် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၃၁

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂၄ ရက်မှ ၂၅ ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ မီလီယာ(Melia)ဟိုတယ်၌ ကျင်းပသည့် (၂၁)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်ပြုလုပ်သော အစည်းအဝေးများသို့ တက်ရောက်ပြီး မေ ၂၅ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီး ဦးအောင်ကြည်သည် မေ ၂၄ ရက် နံနက်ပိုင်းတွင် အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများနှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် (၂၁)ကြိမ်မြောက် အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံ အလုပ်သမားဝန်ကြီးများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အာဆီယံ အလုပ်သမားဝန်ကြီးများအစည်းအဝေးတွင် အာဆီယံဒေသတွင်းစီးပွားရေး ပြန်လည်ဦးမော့လာရန်နှင့် လူ့စွမ်းအားအရင်းအမြစ်တိုးပွားရေးအလေးထားဆောင်ရွက်သွားရန် လိုအပ်ချက်များနှင့် မြန်မာနိုင်ငံတွင် လုပ်သားထုကျွမ်းကျင်မှုအဆင့်မြင့်တင်ရေးဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့သည်။ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံ အလုပ်သမားဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ညပိုင်းတွင် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေး အထူးမိတ်ဆုံညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးအောင်ကြည်အား မေ ၂၄ရက် နံနက်ပိုင်းတွင် မီလီယာဟိုတယ်၌ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးက လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးသည် မေ ၂၅ ရက် နံနက်ပိုင်းတွင် မီလီယာဟိုတယ်၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာဆီယံ လူ့စွမ်းအားအရင်းအမြစ် ညီလာခံ ဖွင့်ပွဲသို့တက်ရောက်၍ အမှာစကားပြောကြားရာ၌ စီးပွားရေး ပြန်လည်ရှင်သန်လာချိန်ကာလ၌ လူ့စွမ်းအားမြှင့်တင်ရေးအတွက် ကျွမ်းကျင်မှုစံနှုန်းများအပေါ်မှာ အခြေခံသောလုပ်သားထုအား လေ့ကျင့်သင်ကြားပေးခြင်း အစီအစဉ်နှင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များသည် ကုန်ထုတ်လုပ်မှုတိုးမြင့်ရေးကို ဖြစ်ပေါ်စေနိုင်ပြီး အလုပ်သမားထု၏ အရည်အသွေး အာမခံချက်ရရှိစေနိုင်မည့်အပြင် အာဆီယံနိုင်ငံများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုး၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်နှင့် မြန်မာသံရုံး ဒုတိယအတွင်းဝန် ဦးအိုးဝေမင်းတို့လည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိန်ပန်းဝေစည် ကျောင်းဖွင့်ပြီ

❖ ဂိမှာန်နွေရက်၊ နွတ်ဆက်ဝမ်းနည်းစွာ
ဝသန်မိုးမင်း၊ ချင်းနင်းဝင်ရောက်လာ
ကျောင်းပိတ်ချိန်တာ၊ ကုန်ကာပြီးဆုံး
စိန်ပန်းဝေစည်၊ ကျောင်းဖွင့်ပြီ
တောင်ဆီရွှေမိုး ချုန်းပါလို့လေ။

❖ ကြည်နူးမဆုံး၊ ရွှင်ပြုံးဝင့်ကြွားစွာ
လက်ချင်းယှက်တွဲ၊ မခွဲတစ်သက်တာ
သင်ကြားပညာ၊ လေ့လာစူးစမ်း
ရွှတ်ဖတ်အံသင်၊ သံချိုလွင်
ပြည်ခွင်အနှံ့ လွှမ်းသည်နှင့်လေ။

❖ အောင်မြင်မှုပန်း၊ ဆွတ်လှမ်းနိုင်သူ ရှင်
ကျရှုံးသူများ၊ အများကိုဆင်ခြင်
အမှန်သို့ပြင်၊ အောင်မြင်ရေးရှု
နှစ်သစ်တစ်ဖန်၊ စခဲ့ပြန်
ရည်သန်လုံ့လ ပြုသည်နှင့်လေ။

❖ မြော်တွေးထောက်ရှု၊ ကောင်းမှုကိုဆောင်
မှုံးယစ်ထိုဆေး၊ ဝေးဝေးကကြဉ်ရှောင်
မိတ်ဆွေတုယောင်၊ ကင်းအောင်ရှောင်ရှား
ဆရာမ၊ ဆရာ ရှိသေစွာ
လိမ္မာစာကြိုးစားပါစို့လေ။

❖ ကျောင်းသူကျောင်းသား၊ နီးကြားအဓိဋ္ဌာန်
ပြည့်သားကောင်းမွန်၊ လူရည်ချွန်ဖြစ်ရန်
ကြိုးပမ်းအားသန်၊ ဌွမာန်ပြည့်ဝ
တိုင်းပြည့်ဝန်တာ၊ ကိုယ်ကျရာ
ညီညာထမ်းဆောင်ကြမည်တည့်လေ။

❖ ဝေမျှယူဆောင်၊ ဉာဏ်ရောင်
ဖြိုးလက်ပါစေအတည်။
အခြေချထူထောင်၊
မြန်ဘောင်တိုးတက်သာစေမည်။ ။

ဇော်မင်းမင်းဦး

ပခုက္ကူဦးအုံးဖေစာပေဆုရစာအုပ်များ ဖြန့်ချိ

ရန်ကုန် မေ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၈ ခုနှစ် ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ကျမ်းစာပေဒုတိယဆုရ ဇင်မင်း(သမိန်ထော)ရေးသားသည့် "ဖြတ်သန်းခဲ့ရသမိုင်းစဉ် ဆောင်ကြဉ်းခဲ့ရတာဝန်များ" စာအုပ်၊ ဝတ္ထုရှည်ဒုတိယဆုရ မင်းဇေယျရေးသားသည့် "ငယ်သော်လှသည်" စာအုပ်နှင့် ဝတ္ထုရှည်တတိယဆုရ ပိုင့်- လှိုင်းသစ်ရေးသားသည့် "ပလတ်စတစ်ထဲက ကြယ်တစ်ပွင့်" စာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်များကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း- ၀၆၇-၄၁၄၆၈၁ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁ နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံအထက်ပိုင်း နှစ်နှစ်အတွင်း လျှပ်စစ်မီး လိုသလောက်ရတော့မည်၊ ကလေးဝကျောက်မီးသွေး ဓာတ်အားပေးစက်ရုံစီမံကိန်း နှစ်နှစ်အတွင်း အပြီးတည်ဆောက်မည်၊ မော်လိုက်ရေအားလျှပ်စစ်စီမံကိန်း ငါးနှစ်အတွင်း ပြီးစီးမည် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်စဉ်(၃၀)ကို ယနေ့ ဖြန့်ချိလိုက်သည်။

ဖြန့်ချိ

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်လျှောက်ထား၊ မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများကို ပါတီဝင်အင်အားစာရင်းတင်ပြရန် ကော်မရှင်က အသိပေးကြေညာ၊ မီးလောင်ဆုံးရှုံးသွားသော မင်္ဂလာဈေးအပေါ်ထပ်ရှိ ဆိုင်ခန်းများကို မင်္ဂလာဈေးသစ်နှင့် မင်္ဂလာမွန်ဈေးတွင် နေရာချထားပေးမည်၊ ဆုံးရှုံးပျက်စီးခဲ့ရသူတို့၏ စကားသံများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မင်္ဂလာဈေးနှင့် ပတ်သက်သည့် အချက်(၇)ချက်ပါသော အသိပေးကြေညာချက်ထုတ်ပြန်၊ မြို့တော်ဘဏ်ကလည်း ငွေချေးပေးမည်၊ မော်တော်ယာဉ်အချို့ ပြင်၍မရအောင်ပျက်စီးမှု ပြန်လည်ပြုပြင်ခြင်းကိစ္စများကို ပိုမိုပျော့ပြောင်းသော မူဝါဒပြောင်းလဲကျင့်သုံးရန် လိုအပ်နေ၊ သီရိမင်္ဂလာဈေးသစ်စတင်တည်ဆောက်၊ မြန်မာအမျိုးသမီးများနှင့်လက်ထပ်ထိမ်းမြားခွင့်၊ မိုးကာလရောက်ရှိလာသည့်အတွက် ငွေဆောင်ဖုန်ရှိ ဟိုတယ်များအနက် တစ်ဝက်ခန့်ပိတ်မည်၊ ပန်းသေပန်းညှိုးအကြောင်း သိကောင်းစရာ၊ တောင်ကိုရီးယား စစ်သင်္ဘောအားတိုက်ခိုက်ခဲ့သူကို အကာအကွယ်ပေးမည်မဟုတ်ကြောင်း တရုတ်နိုင်ငံဝန်ကြီးချုပ်ပြောကြား၊ မြောက်ကိုရီးယား၏ ကျူးကျော်ရန်စမည့် အန္တရာယ်အပေါ် အမေရိကန်စစ်တပ်မှ အသင့်ပြင်ရန် အိုဘားမားညွှန်ကြား၊ တောင်ကိုရီးယားရေတပ် မြောက်ကိုရီးယား ရေငုပ်သင်္ဘောများကို နောက်ယောင်ခံရှာဖွေလျက်ရှိ၊ အီရန်ကိုတိုက်ခိုက်မည့်ပုံစံ အစ္စရေးလေ့ကျင့်၊ ၂၀၀၃ ခုနှစ် အီရတ်နိုင်ငံအား မတိုက်ခိုက်မီ စီအိုင်အေကဆက်ဒမ်ဟူစိန်အား လိင်မှုမတော်မတရားပြုပုံ ဗီဒီယိုများဖြန့်ရန် ကြံစည်ခဲ့စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်အရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဆွာ-သီတာကျောက်ချောလမ်းနှင့် ဆွာဓမ္မာရုံ ကျောက်ချောလမ်း ဆောင်ရွက်နေမှုကို မေ ၂၂ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် လုပ်ငန်းတာဝန်ခံ ဒေါ်ညိုညိုစံတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ငါးရစ် ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

ကလေးများအတွက် နွေရာသီ အင်္ဂလိပ်စာအခြေခံ စကားပြောသင်တန်း(ပညာဒါန) ဆင်းပွဲကျင်းပ

ရန်ကုန် မေ ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်)၏ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာအခြေခံစကားပြောသင်တန်း(ပညာဒါန) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ အဆိုပါရုံးချုပ် စွယ်တော်ရိပ်ခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာနမှ ကျွမ်းကျင်အရာရှိ ဦးမြင့်ထွန်းနှင့်ဇနီး၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် ဇနီး၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူးနှင့် ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားတွင် မီးသတ်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၏ ဇနီး ဒေါ်အေးအေးထူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူကလေးများက အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု စွမ်းရည်ပြသခြင်း၊ တေးသီချင်းများသီဆိုခြင်း၊ သရုပ်ဖော်ဖျော်ဖြေခြင်း၊ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် နံရံကပ်စာစောင်များ ရေးသားခြင်းနှင့် ကာတွန်းများ ရေးဆွဲခြင်းတို့ ပါဝင်ဆောင်ရွက်ကြသည်။

ကလေးများအတွက် နွေရာသီ အင်္ဂလိပ်စာအခြေခံစကားပြောသင်တန်း(ပညာဒါန)ကို ဧပြီ ၂ ရက်မှ မေ ၃၁ ရက်ထိ ရက်သတ္တ ရှစ်ပတ်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၈၉ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

မေ ၃၁ ရက်က အမေရိကန်ပြည်ထောင်စုနေ Mr. IVAN ASSIM AND FRIENDS က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၉၆၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။

(သံဃာ့ဆေးရုံ)



တိုင်းမှူး ဗိုလ်ချုပ်လှမင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံမှာကြား

နေပြည်တော်　　မေ　　၃၁

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများ ဩဝါဒခံယူပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့နယ်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးက ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် တောင်ငူမြို့ သန့်ရှင်းသာယာလှပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပုဂ္ဂလိက ကဏ္ဍကို ကူးပြောင်းအကောင်အထည်ဖော်နေသည့်အတွက် ဝန်ဆောင်မှုလုပ်ငန်းကို အဓိကဦးစားပေး လုပ်ဆောင်

နေပြည်တော်　　မေ　　၃၁

သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် လျာထားချက် ပြည့်မီကျော်လွန်ရေး၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက မိမိတို့ဌာနအနေနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် သတ္တုကဏ္ဍ တိုးတက်လာပြီး အောင်မြင်မှုများရရှိနေကြောင်း၊ ဌာနအလိုက်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို လျာထားချက် ပြည့်မီကျော်လွန်အောင် အရှိန်အဟုန်မပျက် ဆောင်ရွက်ကြရေး၊ ပုဂ္ဂလိက ကဏ္ဍကို ကူးပြောင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် ဝန်ဆောင်မှုလုပ်ငန်းကို အဓိကဦးစားပေး လုပ်ဆောင်ရန်နှင့် သတ္တုကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရေး၊ ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားရေး၊ ဘက်စုံထူးချွန်သော ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်းအားထုတ်ရေးနှင့် လုပ်ငန်းများ သွက်လက်မြန်ဆန်ရေး၊ ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေးနှင့် ပညာရေးတို့ကို ကူညီပံ့ပိုးဆောင်ရွက်ကြရေး၊ စိုက်ပျိုးမွေးမြူရေးကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရေး တို့ကို အသေးစိတ်မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပုသိမ်-ချောင်းသာခရီး ဇွဲ မှန်လုံအမြန် မော်တော်ယာဉ်အသင်း တိုးချဲ့ဖွင့်လှစ်

ရန်ကုန်　　မေ　　၃၁

ပုသိမ်-ချောင်းသာ ခရီးသွားပြည်သူများ လျင်မြန်လွယ်ကူ သက်သာရေးအတွက် ဇွဲ မှန်လုံအမြန် မော်တော်ယာဉ် အသင်းကို မေ ၂၈ ရက်က ပုသိမ်မြို့ ကျောက်တိုင် အားကစားကွင်းရှေ့ ချောင်းသာကားဂိတ်၌ တိုးချဲ့ဖွင့်လှစ်သည်။

ဧရာဝတီတိုင်း ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန တိုင်းဦးစီးမှူး ဦးမိုးဝင်း၊ ဧရာဝတီတိုင်း မော်တော်ယာဉ်လိုင်း ပေါင်းစုံထိန်းသိမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးကြိုင်၊ ဇွဲ မှန်လုံအမြန်မော်တော်ယာဉ် အသင်းတာဝန်ခံ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(၅၅၂)



မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် ထုတ်ဝေရောင်းချမည်

ရန်ကုန်　　မေ　　၃၁

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ် ငွေကျပ် ၁၀၀တန် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ဇွန် ၈ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဆက်သွယ်ရေးစခန်း (စာတိုက်)များ၌ ထုတ်ဝေရောင်းချမည်ဖြစ်သည်။**(အပေါ်ပုံ)**

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဇွန် ၈ ရက် (အင်္ဂါနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းပေါ်၌ တံဆိပ်ခေါင်းဖျက် အထူးအမှတ်အသားတံဆိပ်များ ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် စာရင်းဇယားများ ရေးဆွဲထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲတွင် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်း၏ စီမံကိန်းဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းကြည် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း စာရင်းဇယားများ ရေးဆွဲထုတ်လုပ်ခြင်း သင်တန်းဖွင့်

ရန်ကုန်　　မေ　　၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် စာရင်းဇယားများ ရေးဆွဲထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေး စေတီလမ်း စိမ်းလဲ့မေရိပ်သာလမ်းသွယ်ရှိ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး စီမံကိန်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်း၏ စီမံကိန်းဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းကြည် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr. Shin Imai က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် FAO မှ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဆောင်ရွက်နေသည့် TCP/ MYA/ 3301(D) Planing for the 2010 Myanmar Censes of Agriculture (MCA 2010) စီမံကိန်းကျွမ်းကျင်ပညာရှင် Lead Consultant, Ms. Josie B. Perez က ၂၀၁၀ ခုနှစ် ကမ္ဘာ့ လယ်ယာသန်းခေါင်စာရင်း အစီအစဉ်နှင့်တကွ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဆက်လက်ပို့ချဆောင်ရွက်သွားမည့် သင်တန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ပြည်နယ်၊ တိုင်း မြေစာရင်းဦးစီးဌာနများမှ ဒုတိယ ပြည်နယ်၊ တိုင်း မြေစာရင်းဦးစီးဌာနမှူးများ၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူးများနှင့် ၂၀၁၀ခုနှစ် လယ်ယာသန်းခေါင်စာရင်း စီမံကိန်းရုံးမှ ဦးစီးအရာရှိများနှင့် အခြားအဆင့်သင်တန်းသားစုစုပေါင်း ၃၃ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ဇွန် ၁၁ ရက်အထိ ၁၂ ရက် ကြာပို့ချမည်ဖြစ်သည်။ သင်တန်းကာလအတွင်း သင်ကြားပို့ချမှုများကို လုပ်ငန်းခွင်အတွင်း လက်တွေ့ဆောင်ရွက်ပို့ချသင်ကြားခြင်းစနစ်ဖြင့် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆန္ဒမွန်ဆေးတိုက်ပိုင်ရှင် ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင်၊ သား-မောင်လင်းပြည့်တို့က (၁၀) နှစ်ပြည့်မင်္ဂလာ အထိမ်းအမှတ်ဖြင့် အထူးကုဆေးရုံ(မင်္ဂလာဒုံ)သို့ အထွေထွေသုံး အလှူငွေကျပ် ၁၅၀၀၀၀ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းလွင်နှင့် သမားတော်ကြီး ဒေါက်တာအောင်စန်းတို့ လက်ခံရယူစဉ်။ (ကြေးမုံ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲဆက် Delta United အသင်း နိုင်ပွဲပြန်ရ

ရန်ကုန် မေ ၃၁

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲအဖြစ် Delta United အသင်းနှင့် ဉဿာယူနိုက်တက် အသင်းတို့သည် ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ Delta United အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

Delta United - နှစ်ဂိုး
(စတန်လေနှင့် ဂေးလ်ဒက်စ်)
ဉဿာယူနိုက်တက် - တစ်ဂိုး
(နိုင်နိုင်လင်း)

လက်စွမ်းပြကာကွယ်

သုံးပွဲဆက်ရလဒ်ကောင်းများ ရရှိနေသည့် ဉဿာယူနိုက်တက်အသင်းမှာ Delta United အသင်းထံမှ အမှတ်ရယူနိုင်ရန် ကြိုးစားခဲ့သော်လည်း ရှုံးပွဲနှင့် ပြန်လည်ရင်ဆိုင်ခဲ့ရသည်။ စင်ကာပူလူမျိုး နည်းပြ ဆီမာဂျီလက်ထက်တွင် အကောင်းဆုံးပုံစံရရှိလာသည့် ဉဿာယူနိုက်တက်အသင်းမှာ Delta United ထက် ကစားပုံပိုကောင်းပြီး ဂိုးသွင်းခွင့်များ ပိုရခဲ့သော်လည်း ဂိုးသမား သီဟစည်သူ သေချာပေါက်ဂိုးအချို့ကို လက်စွမ်းပြကာကွယ်သွားခြင်း၊ ဂိုးကံခေခြင်းတို့ကြောင့် အမှတ်မရခဲ့ခြင်းဖြစ်သည်။

အသုံးချနိုင်

Delta United အသင်းမှာ နိုင်ပွဲပြန်လည်ရရှိရေးအတွက် စတန်လေ၊ ဘမ်ဘာနှင့် ဂေးလ်ဒက်စ်တို့ တိုက်စစ် တွဲလုံးဖြင့် ဂိုးရရှိရန် ကြိုးစားခဲ့သည်။ Delta United အသင်းမှာ အပိုင်ဂိုးသွင်းခွင့်များ မရရှိခဲ့သော်လည်း ရသည့်အခွင့်အရေးကို ပိုင်နိုင်စွာ အသုံးချနိုင်ခဲ့၍ ၁၀ မိနစ်တွင် ပြစ်ဒဏ်ဘောကို စတန်လေက တိုက်ရိုက်ကန်သွင်းပြီး ပထမဂိုး၊ ၇၄ မိနစ်တွင် ဂေးလ်ဒက်စ်က ဒုတိယဂိုးတို့ကို သွင်းယူခဲ့သည်။

ချေပဂိုး

ချေပဂိုးရရှိနိုင်သည့် ဂိုးသွင်းခွင့်များ တိုင်ထိ၊ ဘားထိဖြစ်ခြင်း၊ Delta ဂိုးသမား သီဟစည်သူ လက်စွမ်းပြနေခြင်းတို့ကြောင့် ပွဲပြီးခါနီးမှ ဉဿာတို့ ချေပဂိုး တစ်ဂိုး ပြန်ရခဲ့ပြီး ၉၁ မိနစ်တွင် နိုင်နိုင်လင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။(ကြေးမုံ)

Delta မှ စတန်လေ၏ ထိုးဖောက်မှုကို ဉဿာနောက်ခံလူ မျိုးဝင်းအောင် တားဆီးခဲ့သော်လည်း။ (ကြေးမုံ)

စစ်နွေ၏ တာဝန်ကျေခဲ့ပါသည် အပိုင်း (၁/၂) စာအုပ်ထုတ်ဝေ ဖြန့်ချိ

နေပြည်တော် မေ ၃၁

စာရေးသူ စစ်နွေ၏ တာဝန်ကျေခဲ့ပါသည် အပိုင်း(၁/၂) လုံးချင်းစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ရိုးစင်းသော တပ်မတော်သားတစ်ဦး၏ဘဝ တစ်နည်းအားဖြင့် တပ်မတော်သားတစ်ဦး၏ ခက်ခဲကြမ်းတမ်းသော ခရီးလမ်းအား လျှောက်လှမ်းခဲ့ရပုံကို ကိုယ်တွေ့ဖြစ်ရပ်၊ ကိုယ်ပိုင်အတွေ့အကြုံကို အခြေခံ၍ ရေးသားထားသော စာရေးသူ၏ ဖြစ်ရပ်မှန် အတ္ထုပ္ပတ္တိ ပထမပိုင်းဖြစ်သည်။

စာရေးသူ ကလောင်ရှင် စစ်နွေသည် ၎င်း၏ ဘဝလမ်းခရီးတစ်လျှောက်အား အပိုင်း(၁ မှ ၁၂) အထိ ရေးသားမည်ဟု သိရသည်။

စာရေးသူ ပါဝင်ဆင်နွှဲခဲ့ရသော အရှေ့မြောက်ဒေသ စစ်ဆင်ရေးဖြစ်ရပ်မှန်များ စာဖတ်သူကိုယ်တိုင် ၎င်းဒေသများသို့ ရောက်သွားသကဲ့သို့ လွမ်းဆွတ်ဖွယ်၊ ပျော်ရွှင်ဖွယ်၊ စိတ်တက်ကြွဖွယ်၊ ဗဟုသုတရရှိဖွယ် ခံစားနိုင်ပါလိမ့်မည်ဟု စာရေးသူက ဆိုထားသည်။

နောင်စစ်သည်၊ ပီကျော်ဟန်၊ သောင်းဝေဦး၊ ချစ်နိုင်(စိတ်ပညာ)၊ မင်းနိုင်(မြန်မာစာ) တို့၏ အမှာစာများနှင့် အမှတ်တရဓာတ်ပုံပေါင်း ၁၀၀ ခန့် ပါရှိပြီး စာဖတ်သူများအတွက် စာကောင်းတစ်ပုဒ်၊ စာအုပ်ကောင်းတစ်အုပ် ဖြစ်ကြောင်း အမှာစာရေးသူများက ဆိုကြသည်။

စာမျက်နှာ ၄၆၀ ဆိုဒ်ကြီးဖြင့် ရိုက်နှိပ်ထားသော ယင်းစာအုပ်ကို ယုံကြည်ချက်စာပေမှ တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း၊ သီဟရတနာစာပေ ဖုန်း-၅၀၂၆၇၃၊ မြဝတီစာပေ ဖုန်း-၅၅၉၂၇၃ နှင့် မိုးစက်တင်လေစာပေ ဖုန်း-၅၀၁၄၃၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

နိုင်ငံတကာအားကစားသတင်းများ

အုပ်စုတက်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ရမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(E)

ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(E)မှာ နယ်သာလန်၊ ဒိန်းမတ်၊ ဂျပန်နဲ့ ကင်မရွန်းတို့ပါဝင်ပြီး ဒီအုပ်စုရဲ့ ပွဲစဉ်တွေကိုတော့ ဇွန် ၁၄ ရက်နေ့မှာ စတင် ယှဉ်ပြိုင်ကစားကြရမှာ ဖြစ်ပါတယ်။ အုပ်စုတက်ရေး အကြိတ်အနယ် ယှဉ်ပြိုင်ရမယ့် အုပ်စုဖြစ်တာကြောင့် ပြိုင်ဆိုင်မှုက ပြင်းထန်ဦးမှာပါ။

နယ်သာလန်

နယ်သာလန်ဟာ ကမ္ဘာ့အဆင့် (၃) အဖြစ် သတ်မှတ်ထားခြင်းခံရပေမယ့် ကမ္ဘာ့ဖလားကို ရှစ်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်မှုကြီးကြီးမားမားမရရှိသေးပါဘူး။ ခြေစစ်ပွဲတွေကို သက်သောင့်သက်သာနဲ့ ကျော်ဖြတ်ခဲ့တဲ့ နယ်သာလန်မှာ ဘွန်မဲလ်၊ ဒီဂျုန်း၊ ရှနိုက်ဒါ၊ ဗန်ဒါဗက်၊ ဒရက်ကောက်၊ ဗန်ပါစီ၊ ရော်ဘင်၊ ဘာဘယ်နဲ့ ဟန်တယ်လာတို့လို ကမ္ဘာ့အဆင့်အတန်းမီကစားသမားတွေရှိနေပါတယ်။ ဒါကြောင့် နယ်သာလန်ဟာ အုပ်စုကျပ်ထဲ ကျရောက်နေပေမယ့် ဒိန်းမတ်၊ ဂျပန်နဲ့ ကင်မရွန်းတို့ကို ကျော်ဖြတ်ပြီး အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်တက်သွားလိမ့်မယ်လို့ သုံးသပ်ရပါတယ်။

ဒိန်းမတ်

ဒိန်းမတ်ရဲ့ ကမ္ဘာ့အဆင့်ရပ်တည်မှုဟာ ၃၅ဖြစ်ပြီး ကမ္ဘာ့ဖလားကို မက္ကဆီကိုမှာ ကျင်းပခဲ့တဲ့ ၁၉၈၆ ကမ္ဘာ့ဖလား၊ ပြင်သစ်မှာ ကျင်းပခဲ့တဲ့ ၁၉၉၈ ကမ္ဘာ့ဖလားနဲ့ ဂျပန်-တောင်ကိုရီးယား နှစ်နိုင်ငံပူးတွဲကျင်းပခဲ့တဲ့ ၂၀၀၂ ကမ္ဘာ့ဖလား ပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ ဒိန်းမတ်မှာ အဂ္ဂါ၊ ဂျာကော့ဆင်၊ ပေါလ်ဆင်၊ ဘန်တနာ၊ လာဆင်နဲ့ တိုမစ်ဆင်တို့လို ကစားသမားကောင်းတွေရှိနေတာကြောင့် အုပ်စုဒုတိယနေရာရဖို့ ဂျပန်၊ ကင်မရွန်းတို့ထက် နှာတစ်ဖျား သာနေတယ်လို့ ဆိုရမှာပါ။

နယ်သာလန်တိုက်စစ်ကို ဦးဆောင်လာမည့် ဗန်ပါစီ။

ဂျပန်

ဂျပန်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၉၈၊ ၂၀၀၂ နဲ့ ၂၀၀၆ တို့မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ကမ္ဘာ့အဆင့်ရပ်တည်မှုက ၄၅ မှာပါ။ အာရှအသင်းတွေဟာ ဥရောပအသင်းတွေကို ခြေရည်တူ လိုက်ကစားနိုင်ဖို့ဆိုတာ မလွယ်လှပေမယ့် လျင်မြန်မှုကို အားပြုကစားတတ်တဲ့ ဂျပန်ဟာ သက်လုံအထူးကောင်းမွန်ဖို့ လိုအပ်လှပါတယ်။ ဂျပန်အသင်းမှာ နာရာဇာကီ၊ အီဝါမာဆာ၊ နာကာဇာဝါ၊ အင်ဒို၊ နာကာမူယာ၊ ဟွန်ဒါ၊ အီနာမိုတို၊ အိုကာဇာကီတို့လို အတွေ့အကြုံရှိ ကစားသမားတွေရှိနေပါတယ်။ ဂျပန်အသင်းရဲ့ နည်းပြဖြစ်သူ အိုကာဒါကတော့ သူ့အသင်းကို ဆီမီးဖိုင်နယ်ရောက်အောင် ပို့ပေးမယ်လို့ ပြောနေပါတယ်။ ဒါပေမယ့် အိုကာဒါ ပြောသလို ဖြစ်လာမလားဆိုတာတော့ စောင့်ကြည့်ကြရဦးမှာပါ။

ကင်မရွန်း

ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၉ က ကင်မရွန်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ငါးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ဒီအုပ်စုမှာ နယ်သာလန်ပြီးရင် အုပ်စုကတက်ဖို့ ရေပန်းအစားဆုံးအသင်း ဖြစ်ပါတယ်။ ကင်မရွန်းအသင်းမှာ အလက်ဇန္ဒားဆောင်း၊ ဘတ်ဆောင်း၊ မာကွန်းနဲ့ အီတူးတို့လို ဥရောပမှာ သွားရောက်ကစားနေတဲ့ ကစားသမားကောင်းတွေရှိနေပါတယ်။ ဒါပေမယ့် ဂျပန်နဲ့ ဒိန်းမတ်တို့ရဲ့ ခြေစွမ်းကလည်း လျှော့တွက်လို့ မရတာကြောင့် ကင်မရွန်းအတွက် အုပ်စုတက်ရေး ရုန်းကန်ရဦးမှာပါ။

ဒီအုပ်စုမှာ ပထမရတဲ့အသင်းက အုပ်စု(F) က ဒုတိယအသင်းနဲ့ ဆက်လက်ယှဉ်ပြိုင်ရမှာဖြစ်ပြီး ဒုတိယရတဲ့ အသင်းက အုပ်စု(F)က ပထမရတဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ဝင်းတင်(ကြေးမုံ)

ကင်မရွန်းအတွက် ဂိုးတွေသွင်းပေးနိုင်မည့် အီတူး။

BOSS Construction Co., Ltd. မြေပိုင်ရှင်ကိုယ်တိုင်
ဆောက်လုပ်ပြီးစီးသည့် ရောင်းရန်ကျန်တိုက်ခန်းများကို Special Discount ဖြင့်အမြန်ရောင်းမည်
အခန်းအကျယ် 30'x60' - စထပ်တိုက် အမှတ်(22)၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်
အခန်းအကျယ် 20'x50' - စထပ်တိုက် (၂ခန်းတွဲ) အမှတ်(55)၊ 140လမ်း၊ မအူကုန်း၊ တာမွေမြို့နယ်
အခန်းအကျယ် 20'x80' - စထပ်တိုက်(၂ခန်းတွဲ) အမှတ်(304)ညောင်းဒလလမ်း၊ တာမွေမြို့နယ်
အခန်းအကျယ် 17'x55' - စထပ်တိုက်(၂ခန်းတွဲ) အမှတ်(59)၊ 134လမ်း၊ မအူကုန်း၊ တာမွေမြို့နယ်
အခန်းအကျယ် 15'x50' - စထပ်တိုက်(၂ခန်းတွဲ) အမှတ်(52)၊ ပျားရည်ကုန်းလမ်း၊ တာမွေမြို့နယ်
အခန်းအကျယ် 25'x75' - စထပ်တိုက်(၂ခန်းတွဲ) အမှတ်(35/37)၊ မအူကုန်းလမ်းကျယ်၊ တာမွေမြို့နယ်
ဆက်သွယ်ရန် - အမှတ်(၄၃/၄၅)၊ မအူကုန်းလမ်းကျယ်၊ တာမွေမြို့နယ်၊ ရန်ကုန်။
Tel:- 095478686, 095578686, 095198787, 095598787, 095595955

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

သဘာဝဓာတ်ငွေ့ထိန်းချုပ်တိုင်းတာ ဖြန့်ဖြူးရေးစခန်း (ရွာမ) စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် မေ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ကမ်းလွန် ၂၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေးစီမံကိန်း၏ သဘာဝဓာတ်ငွေ့ထိန်းချုပ်တိုင်းတာ ဖြန့်ဖြူးရေးစခန်း (ရွာမ)သို့ ရောက်ရှိရာ ရှေးဦးစွာ ထိန်းချုပ်ရေးခန်းမ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သဘာဝဓာတ်ငွေ့ထိန်းချုပ်တိုင်းတာ ဖြန့်ဖြူးရေးစခန်း (ရွာမ)၏ လက်ရှိဆောင်ရွက်ပြီးစီးမှု **စာမျက်နှာ ၅ ကော်လံ ၄ သို့** ▲

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ကမ်းလွန် ၂၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေးစီမံကိန်း၏ သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေးစခန်း(ရွာမ)ရှိ ထိန်းချုပ်ရေးခန်းမအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၃၁-၅-၂၀၁၀)

ဘီးလင်း	၃	ဒသမ ၇၄	လက်မ
ကျိုက္ကမီ	၂	ဒသမ ၉၉	လက်မ
သထုံ	၂	ဒသမ ၆၄	လက်မ
ခ‌ရမ်း	၂	ဒသမ ၄၈	လက်မ
ကသာ	၂	ဒသမ ၄၁	လက်မ